# ကြေးမုံ
# The Mirror

၁၃၆၉ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်၊ ကြာသပတေးနေ့၊ (20-9-2007) (၅၄၄၆)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း စစ်ဆေး သတ်မှတ်ကာလထက်စော၍ ပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြား

နေပြည်တော်　　စက်တင်ဘာ　　၁၉

**အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေ လိုက်ပါ၍ ယမန်နေ့တွင် ပဲခူးတိုင်း ဖြူးမြို့အနောက်တောင်ဘက် ကိုးမိုင်ခန့်အကွာ ကွန်းချောင်းပေါ်၌ အမှတ်(၃) တည်ဆောက်ရေးမှ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိသည်။**

ဝန်ကြီးသည် ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် မြေကြီးကျောက်သားတူးဖော်ခြင်းလုပ်ငန်း၊ ဖိအားမြှင့် ဥမင်လိုဏ် တူးဖော်ပြီးစီးမှုနှင့် ဥမင်လိုဏ်ခိုင်ခံ့မှုလုပ်ငန်း၊ ဘိလပ်မြေဖိသွင်းခြင်းလုပ်ငန်း၊ ပိုက်လိုင်နာတပ်ဆင်ခြင်း လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ချဉ်းကပ်ဥမင်လိုဏ် အမှတ်(၁) တူးဖော်ပြီးစီးမှုနှင့် ဆက်လက်တူးဖော်မှုလုပ်ငန်း၊ ရေသွယ်ဥမင်လိုဏ် အပိုင်း(၁)၊ အပိုင်း(၂) တူးဖော်ပြီးစီးမှုနှင့် ဆက်လက်တူးဖော်နေသည့်လုပ်ငန်းများကို ဥမင်လိုဏ်တစ်လျှောက် ဝင်ရောက်ကြည့်ရှုစစ်ဆေးရာ စီမံကိန်းညွှန်ကြားရေးမှူး ဦးမော်သာထွေးနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးလွင်တို့က လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖





**အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။** (အမှတ်–၁၊ လျှပ်စစ်)

## ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း မွေးမြူရေးခြံများ ကြည့်ရှုစစ်ဆေး ထုတ်လုပ်မှုရည်မှန်းချက်များပြည့်မီရန်နှင့် အဏုဇီဝလုံခြုံရေးဂရုစိုက်ရန် မှာကြား

နေပြည်တော်　　စက်တင်ဘာ　　၁၉

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း မျိုးရင်းစစ်ကြက်မွေးမြူရေးခြံသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ခြံမန်နေဂျာ ဒေါက်တာငွေးဇော်ဦးနှင့် အထွေထွေမန်နေဂျာ ဒေါက်တာပြည့်စုံတို့က လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ထုတ်လုပ်မှု ရည်မှန်းချက်များ ပြည့်မီအောင် စီမံဆောင်ရွက်သွားရန်နှင့် အဏုဇီဝလုံခြုံရေးကို အထူးဂရုစိုက်ရန် မှာကြားသည်။**

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် ခြေမြစ်ပင်ကျေးရွာရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ဘိုးဘွားမျိုး ဥစားကြက်မွေးမြူရေးခြံသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ ဒေါက်တာမြင့်ဆွေ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက ဥနှုန်းတိုးတက်မြင့်မားအောင် ဆောင်ရွက်သွားရန်နှင့် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပေါ်လာခြင်းမရှိအောင် အထူးဂရုစိုက်ရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် နောင်ချိုမြို့နယ် တောင်ခမ်းရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း မျိုးထိန်းမျိုးပွားခြံသို့ ရောက်ရှိပြီး ဒုတိယအထွေထွေမန်နေဂျာ ဦးမျိုးသက်ရွှေ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက ခြံတည်ဆောက်ရေးကိစ္စကို အမြန်ဆုံး ဆောင်ရွက်ရန် မှာကြားပြီး တည်ဆောက်ဆဲခြံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✻

## ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေ တက်ဖွယ်ရှိကြောင်း သတိပေး

ရန်ကုန်　စက်တင်ဘာ　၁၉

**၂၀၀၇ ခုနှစ် စက်တင်ဘာ ၂၆ ရက်မှ အောက်တိုဘာ ၁ ရက်ထိကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့် ၂၀ ဒသမ ၃ ပေခန့်မှ ၂၁ ဒသမ ၇ ပေခန့်အထိ ထူးကဲဒီရေ တက်ဖွယ်ရှိကြောင်း ကမ်းနားဒေသအတွင်း နေထိုင်ကြသော အများပြည်သူများအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတိပေး ကြေညာသည်။** (သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၂၀-၉-၂၀၀၇
(ကြာသပတေးနေ့)

## စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်း

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်က စီမံဖန်တီး ဖော်ဆောင်ပေးနေသည်။ စက်မှုနယ်မြေများတည်ထောင်ခြင်း၊ စက်မှုဇုန်များတည်ဆောက်ခြင်း၊ စက်ရုံ၊ အလုပ်ရုံသစ်များ တိုးချဲ့ဖွင့်လှစ်ခြင်းတို့နှင့်အတူ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ ဖြစ်ထွန်းနေပြီဖြစ်သည်။

ဒေသအသီးသီးရှိ စက်မှုဇုန်များအနက် တောင်ကြီးအေးသာယာစက်မှုဇုန်၊ မန္တလေးစက်မှုဇုန်နှင့် မုံရွာစက်မှုဇုန်တို့တွင် ခေတ်မီသံရည်ကျို ပုံလောင်းပုံဖိစက်ရုံများကို နိုင်ငံတော်၏ ပံ့ပိုးမှုဖြင့် ထူထောင်နိုင်ခဲ့သည်။ သံထည်ပစ္စည်း ကိုင်တွယ်သည့် စက်မှုလုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ အခြားပုဂ္ဂလိက စက်မှုလုပ်ငန်းများလည်း ဆက်စပ်ဖွံ့ဖြိုးလာသည်ကို တွေ့နေရသည်။

စက်မှုဇုန်အချို့ရှိ သံရည်ကျိုစက်ရုံများမှ အရည်အသွေးမီ စက်ပစ္စည်းများကို ထုတ်လုပ်နေကြပြီဖြစ်သည်။ စက်မှုဇုန်လုပ်ငန်းများ တိုးတက်ကျယ်ပြန့်လာမှုနှင့်အတူ သံထည်ပစ္စည်းများ လိုအပ်ချက်မြင့်မားလာလျက်ရှိသည်။

ယခုအခါ ရန်ကုန်တိုင်း မှော်ဘီမြို့နယ်တွင် သံထည်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် မြောင်းတကာ သံမဏိစက်မှုဇုန်ကို တည်ဆောက်လျက်ရှိသည်။ လျှပ်စစ်ဓာတ်အား၊ သယ်ယူပို့ဆောင်ရေး လွယ်ကူအဆင်ပြေမှုရှိသည့်အပြင် စက်မှုဇုန်၏ မြေဧရိယာ အကျယ်အဝန်း ဧကတစ်ထောင်ကျော်ရှိသည်။ စက်မှုမြေကွက်များဖော်ထုတ်၍ လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။

စက်မှုဇုန်မှတာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် သံမဏိစက်မှုဇုန် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာရေး၊ စက်ရုံများ အမြန်ဆုံးလည်ပတ်နိုင်ရေး၊ သွင်းကုန်များ အစားထိုး ထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းကြရမည် ဖြစ်သည်။

ယခုအခါ နိုင်ငံတစ်ဝန်း၌ စက်မှုနယ်မြေများ၊ စက်မှုဇုန်များမှ ခေတ်မီစက်ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်ပေးလျက်ရှိရာ ထုတ်လုပ်သည့်ပစ္စည်းတိုင်း အရည်အသွေး အဆင့်အတန်းမီရေး၊ စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် ပြည်တွင်းလိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းပေးသွားနိုင်မည် ဖြစ်ပါသည်။ ။




**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်)တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများဆောက်လုပ်ရန်အတွက် ဦးဝင်းနိုင်-ဒေါ်တိုးတိုး၊ ဒေါ်မြင့်မြင့်ပန်၊ ဒေါ်ရီရီမြင့်၊ ဦးမြင့်စိန်၊ ဒေါ်ယဉ်မေအောင်၊ ဒေါ်စန်းလေးချို မိသားစုတို့က အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ဩဝါဒါစရိယဆရာတော် ဦးလက္ခဏ ရှေ့မှောက်၌ တာဝန်ခံ(သဒ္ဓမ္မဇောတိကဓဇ) (သီဟသုဓမ္မမဏိဇောတဓရ)ရွှေမြင့်တင် ဦးညိုထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)



## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသို့ စင်ကာပူသမ္မတနိုင်ငံ ဗုဒ္ဓဘာသာ ရွှေဘုရားကျောင်းဆရာတော်က ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများအတွက် အလှူငွေပေးအပ်

ရန်ကုန် စက်တင်ဘာ ၁၉

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ စင်ကာပူသမ္မတနိုင်ငံ ဗုဒ္ဓဘာသာရွှေဘုရားကျောင်းဆရာတော်က ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၈ ရက် ညနေ ၃ နာရီတွင် ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန မျက်မမြင်ကျောင်း၌ ကျင်းပသည်။**

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိ အမှူးပြုသော ဆရာတော် ကိုးပါးနှင့် စင်ကာပူသမ္မတနိုင်ငံ ဗုဒ္ဓဘာသာ ရွှေဘုရားကျောင်းဆရာတော်မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဗင်ရှီဖာဇော့တို့ ကြွရောက်တော်မူကြပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ် မောင်မောင်ဆွေနှင့်ဇနီး ဒေါ်တင်တင်နွဲ့၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုကြသည်။

အစီအစဉ်အရ ရှေးဦးစွာ အခမ်းအနားကို ဧည့်ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ကြပြီး ဝန်ကြီးနှင့် တက်ရောက်လာကြသူများကနိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြ၍ ဆရာတော်များထံမှ မေတ္တာသုတ် ပရိတ်တရားတော်များ နာကြားကြသည်။

ယင်းနောက် စင်ကာပူ သမ္မတနိုင်ငံ ဗုဒ္ဓဘာသာ ရွှေဘုရားကျောင်း ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဗင်ရှီဖာဇော့က အလှူငွေများ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းမိန့်ကြားတော်မူပြီး မြန်မာနိုင်ငံ၌ ရေဘေး ကယ်ဆယ်ရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် အလှူငွေကျပ်သိန်း ၈၀၀ ကို ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်ချုပ် မောင်မောင်ဆွေက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ဆက်ကပ်ပူဇော်သည်။

ထို့နောက် ဝန်ကြီးနှင့်ဇနီး၊ တာဝန်ရှိသူများက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် ဝန်ကြီးက အလှူငွေများ ပေးအပ်လှူဒါန်းရခြင်းအတွက် ကျေးဇူးတင် ဝမ်းမြောက်စကား လျှောက်ထားသည်။

ထို့နောက် ရွှေဘုရားကျောင်းဆရာတော်က ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား နဝကမ္မ အလှူငွေများ ဆက်ကပ်လှူဒါန်းပြီး ကြည့်မြင်တိုင် မျက်မမြင်ကျောင်းအတွက် အလှူငွေကျပ်သိန်း ၂၀ ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ယုယုဆွေထံ ပေးအပ်လှူဒါန်းသည်။ ယင်းနောက် ဝန်ကြီးနှင့် ဧည့်ပရိသတ်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ကြီးထံမှ အနုမောဒနာတရား နာကြားကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေ၍ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် မောင်မောင်ဆွေထံ စင်ကာပူသမ္မတနိုင်ငံ ဗုဒ္ဓဘာသာ ရွှေဘုရားကျောင်း ဆရာတော်က ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများအတွက် အလှူငွေကျပ် သိန်း ၈၀၀ ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

**နှစ်ဖက်မိဘများအား အမှူးထား၍ ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းနေ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ကြီး-ဒေါ်ဝင်းသီတာ၊ သား-မောင်ဖြိုးမင်းအောင်၊ မမေရတနာထွန်း၊ မောင်ရဲမင်းအောင် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးညွန့် လက်ခံယူစဉ်။** (က-ပ)




**တောင်ဥက္ကလာပမြို့နယ် (၁၄)ရပ်ကွက် မြင်သာ မြို့ဦးဘုန်းတော်ကြီးသင် ပရဟိတကျောင်းအတွက် တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက် ၁၂ လမ်းနေ ဦးအုန်းသန်း၏(၆၂)နှစ်မြောက် မွေးနေ့အဖြစ် ဇနီး ဒေါ်အေးမြင့် မိသားစုတို့က အလှူငွေကျပ်တစ်သိန်းကို နာယက ဆရာတော် ဦးပညာစာရထံ ဆက်ကပ်လှူဒါန်းစဉ်။** (၆၃)

## အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာ မဟာသိပ္ပံ ပညာရေးကော်မတီ အစည်းအဝေးကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၉**

အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာ မဟာသိပ္ပံပညာရေးကော်မတီ(၁/၂၀၀၇) အစည်းအဝေးကို စက်တင်ဘာ ၁၇ ရက် ညနေ ၃ နာရီတွင် အဘိဓမ္မာ မဟာသိပ္ပံရုံးချုပ်တည်ရှိရာ အမှတ်(၁၀) ပင်လုံလမ်းနှင့် ပါရမီလမ်းထောင့်ရှိ သီတဂူ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြု ဗိမာန်တော်ကြီးတွင် ကျင်းပရာ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာ မဟာသိပ္ပံ ဩဝါဒါစရိယ ဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D-Litt)နှင့် အဘိဓမ္မာ မဟာသိပ္ပံ ပါမောက္ခချုပ် ဆရာတော် ဒေါက်တာအရှင်နန္ဒ မာလာဘိဝံသနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ သာသနာရေးဝန်ကြီးဌာန သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ မဟာသိပ္ပံပညာရေးကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D-Litt)နှင့် ပါမောက္ခချုပ် ဆရာတော်တို့က ဩဝါဒကထာ ချီးမြှင့်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီးက အဘိဓမ္မာ မဟာသိပ္ပံ၏ အဓိက ရည်မှန်းချက်အတိုင်း ဗုဒ္ဓ၏အဘိဓမ္မာ ကမ္ဘာ့အနှံ့ပျံ့နိုင်အောင် ကြိုးပမ်း အကောင်အထည်ဖော်နိုင်တော့မည်ဖြစ်၍ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ရှင်းလင်းလျှောက်ထားသည်။ မဟာသိပ္ပံ ဒုတိယပါမောက္ခချုပ်နှင့် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးမြ သန်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများကို အသေးစိတ် ရှင်းလင်းလျှောက်ထားသည်။ အဘိဓမ္မာ ခုနစ်ကျမ်းကို အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပို့ချနိုင်ရေးအတွက် အဘိဓမ္မာဆိုင်ရာ အောင်လက်မှတ်သင်တန်း၊ ဒီပလိုမာသင်တန်း၊ ဝိဇ္ဇာတန်း၊ ဂုဏ်ထူးတန်း၊ ဝိဇ္ဇာဂုဏ်ထူးတန်း၊ မဟာဝိဇ္ဇာတန်းနှင့် ပါရဂူတန်းများအတွက် သင်ရိုးညွှန်းတမ်းများ ညှိနှိုင်းရေးဆွဲခြင်းတို့ကို ညှိနှိုင်းဆွေးနွေးကြသည်။

ညှိနှိုင်းဆွေးနွေးပွဲအပြီးတွင် အမှတ် (၃၁)ဒီ မဟာမြိုင်လမ်း စမ်းချောင်းနေ ဦးရဲရွှေ၊ ဦးထွန်းတင်အေး၊ ဒေါ်ခင်နှင်းဆွေ မိသားစုတို့က အဘိဓမ္မာ မဟာသိပ္ပံအတွက် အလှူငွေကျပ်တစ်သိန်းကို လှူဒါန်းရာ ဒုတိယပါမောက္ခချုပ် အငြိမ်းစားသံအမတ်ကြီး ဦးမြသန်းက လက်ခံသည်။ (ကြေးမုံ)

### ❖ ကွန်းချောင်းမှ

ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက ဖြည့်စွက်ဆွေးနွေးမှာကြားပြီး စီမံကိန်း၏ လက်ဝဲဘက်ကမ်းတွင် ဖိအားနိမ့် သံမဏိပိုက်လိုင်းတပ်ဆင်ခြင်းလုပ်ငန်း၊ တပ်ဆင်ပြီးစီးသော ပိုက်လိုင်းများတွင် ကွန်ကရစ်လုပ်ငန်းဆောင်ရွက်နေသည်တို့ကိုလည်းကောင်း၊ ပင်မတမံတွင် ကျောက်ဖို့ခြင်းလုပ်ငန်း၊ ရေယူအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ရေယူအဆောက်အအုံ ချဉ်းကပ်တံတား တည်ဆောက်ခြင်းလုပ်ငန်းတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် စီမံကိန်းလက်ယာဘက်ကမ်းသို့ ရောက်ရှိပြီး ရေထိန်းမျှော်စင်နှင့် ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စီမံကိန်းကို သတ်မှတ်ကာလထက်စော၍ ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ မိုးနှောင်းရာသီတွင် ဖြစ်ပေါ်တတ်သော သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် စီမံချက်ရေးဆွဲထားသည့်အတိုင်း သတိဝီရိယဖြင့် နေ့ညမပြတ် စောင့်ကြပ်ဆောင်ရွက်ရေး၊ စီမံကိန်းလုပ်ငန်းများ တွင်ကျယ်စွာ ဆောင်ရွက်နိုင်ရေးအတွက် အပိုင်းလိုက် လုပ်ငန်းတာဝန် ခွဲဝေလုပ်ကိုင်ကြရေး၊ ပွင့်လင်းရာသီတွင် လုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ တစ်ပြိုင်နက် လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည်များကို ကြိုတင်စီစဉ်ထားရှိရေး၊ လုပ်ငန်းသုံးပစ္စည်းများ ပြတ်လပ်မှုမရှိအောင် ကြိုတင်စုဆောင်းထားရှိရေး၊ စီမံကိန်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ သစ်တောသစ်ပင်နှင့် သဘာဝအလှအပများမပျက်စီးအောင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး၊ မိုးရာသီဖြစ်၍ ယာဉ်နှင့်စက်ယန္တရားများကို ဂရုတစိုက် မောင်းနှင်ထိန်းသိမ်းရေး၊ အလေအလွင့်နည်းပါးရေး၊ ခြိုးခြံချွေတာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို ဆွေးနွေးမှာကြား၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသည် စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၆၀ ဖြစ်ပြီး တည်ဆောက်မှုလုပ်ငန်းမှာ စီမံကိန်းတစ်ခုလုံး၏ ၅၇ ဒသမ ၇ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဘောလုံးအားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းနှင့် မြန်မာ့ဂုဏ်ဆောင် မြန်မာအမျိုးသမီးဘောလုံးအသင်းအား ဂုဏ်ပြုဆုငွေ ချီးမြှင့်ပွဲကျင်းပ





**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်း ထူးချွန်ထက်မြက်သော မျိုးဆက်သစ် လူငယ် ဘောလုံးအားကစား သမားများ ပေါ်ထွန်းလာစေရေး အတွက် ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာ ကျောင်းများသို့ ဘောလုံး အားကစားပစ္စည်းများ ထောက်ပံ့ပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၁၉

**ထူးချွန်ထက်မြက်သော မျိုးဆက်သစ် လူငယ်ဘောလုံး အားကစားသမားများ ပေါ်ထွန်းလာစေရေးအတွက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့မှ ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာကျောင်းများသို့ ဘောလုံးအားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းနှင့် ၂၀၀၇ခုနှစ် တတိယအကြိမ်မြောက် အာဆီယံ အမျိုးသမီးတံခွန်စိုက် ဘောလုံးပြိုင်ပွဲတွင် ချန်ပီယံဆုဖလားကြီး ဆွတ်ခူးပေးခဲ့သော မြန်မာ့ဂုဏ်ဆောင် မြန်မာအမျိုးသမီးဘောလုံးအသင်းအား ဂုဏ်ပြုဆုငွေ ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ဦးဘလွင်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်းနှင့် ရန်ကုန်တိုင်း အမျိုးသမီးအားကစားအဖွဲ့ ဦးဆောင်နာယက ဒေါ်မာမာဝေတို့ တက်ရောက်အားပေး ချီးမြှင့်ကြသည်။**

အစီအစဉ်အရ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်းက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းအတွင်းရှိ မူလတန်းကျောင်း ၈၉၂ ကျောင်း၊ အလယ်တန်းကျောင်း ၆၂၁ ကျောင်းနှင့် အထက်တန်းကျောင်း ၂၇၁ကျောင်း စုစုပေါင်း ၁၇၈၄ကျောင်း အတွက် တစ်ကျောင်းလျှင် ပြည်တွင်းဖြစ် ဘောလုံးငါးလုံး၊ နိုင်ငံခြားဖြစ် ဘောလုံးတစ်လုံး၊ ပြည်တွင်းဖြစ် ဘော်လီဘောတစ်လုံးစီတို့ကို တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်းနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော် တို့က ထောက်ပံ့ပေးအပ်ရာ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်လေးခရိုင် ကိုယ်စားပြု (၁၃)နှစ်အောက်နှင့် (၁၆) နှစ်အောက် လက်ရွေးစင်အားကစား သမားများနှင့် ခရိုင်ပညာရေးမှူးများက လက်ခံကြသည်။

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီး အားကစားအဖွဲ့ ဦးဆောင်နာယက ဒေါ်မာမာဝေက ၂၀၀၇ ခုနှစ် တတိယ အကြိမ်မြောက် အာဆီယံအမျိုးသမီး တံခွန်စိုက် ဘောလုံးပြိုင်ပွဲတွင် ချန်ပီယံ ဆုဖလားကြီး ဆွတ်ခူးပေးခဲ့သော မြန်မာအမျိုးသမီး ဘောလုံးအသင်း အား ဂုဏ်ပြုဆုငွေကျပ် ၂၅ သိန်း ပေးအပ်ချီးမြှင့်ရာ မြန်မာအမျိုးသမီး ဘောလုံးအသင်းအုပ်ချုပ်သူ ဒေါ်မြတ် မြတ်ဦးနှင့် အားကစားသမားများက လက်ခံကြသည်။

ဆက်လက်၍ အမှတ်(၃) အခြေခံ ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ အခမ်းအနားတွင် ထောက်ပံ့ လှူဒါန်းသော ပြည်တွင်းဖြစ် ဘောလုံး ၈၉၂၀ နှင့် ဘော်လီဘော ၁၇၈၄ လုံး တို့ကို ရန်ကုန်တိုင်း အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ထောက်ပံ့ လှူဒါန်း၍ နိုင်ငံခြားဖြစ် ဘောလုံး ၂၇၁လုံးကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ထောက်ပံ့ လှူဒါန်းကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

### ✳ ရှေ့ဖုံးမှ

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် နံနက် ၁၁ နာရီတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် ကွဲကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းရှင် ဦးမောင်ထွန်း၏ စိမ်းလန်းမြေ ကုမ္ပဏီလီမိတက် လက်ဖက်စိုက်ပျိုးရေးခြံသို့ ရောက်ရှိပြီး ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက အခြားနေရာများတွင်လည်း လက်ဖက်ကို စမ်းသပ်စိုက်ပျိုးရန်နှင့် နည်းပညာများကိုလည်း ပံ့ပိုးကူညီပေးရန် မှာကြားပြီး မွေးမြူရေးလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ပေးပြီး လက်ဖက်စိုက်ခင်းကို လှည့်လည်ကြည့်ရှု အားပေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ နားလုံဒေသ လူငယ်အားမာန် လက်ဖက်စိုက်ပျိုးရေးလုပ်ငန်း စိန်ဝတ်မှုန်ကုမ္ပဏီလီမိတက် လက်ဖက်ဧက ၃၀၀ စိုက်ပျိုးရေး စီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းမန်နေဂျာ ဦးမျိုးရီ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး လက်ဖက်စိုက်ပျိုးခင်းကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ဗလမင်းထင်ကုမ္ပဏီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို) လူငယ်အားမာန် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်း၊ စိန်ဝတ်မှုန်ကုမ္ပဏီတို့၏ ရော်ဘာဧက ၄၀၀၀ စိုက်ပျိုးရေးစီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းမန်နေဂျာ ဦးမျိုးရီ၏ ရှင်းလင်းတင်ပြချက်များ အပေါ် ဝန်ကြီးက ရော်ဘာထက် လက်ဖက်စိုက်ပျိုးရေးမှာ အကျိုးအမြတ် ပိုမိုရရှိနိုင်သဖြင့် လက်ဖက်စိုက်ပျိုးရေးကို ကြိုးပမ်းစိုက်ပျိုးသွားရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် လားရှိုးမြို့ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကုန်းမြင့်ယာမြေဧက ၅၀၀၀ ဖော်ထုတ်ရေးစီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းမန်နေဂျာ ဦးခင်မောင်မြင့်၏ ရှင်းလင်းတင်ပြချက်များ အပေါ် ဝန်ကြီးက ရော်ဘာ၊ ကြက်ဆူကြား၊ ပဲစင်းငုံတို့ စိုက်ပျိုးသွားရန် မှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း(ဗဟို)၊ ဗလမင်းထင်ကုမ္ပဏီ၊ (နားလုံဒေသ) မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း အဆင့်မြင့် ဝက်မွေးမြူရေးခြံ(လားရှိုး)တို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် အသားတိုး ဝက်မွေးမြူရေးခြံကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် လားရှိုးမြို့ နားဖကျေးရွာရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း အဆင့်မြင့် ဝက်မွေးမြူရေးခြံသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ အထွေထွေမန်နေဂျာ ဒေါက်တာပြည့်စုံ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက မျိုးကောင်းမျိုးသန့် ဝက်များကို ပိုမိုထုတ်လုပ်ဖြန့်ဖြူးသွားရန် မှာကြားပြီး ဝက်သားခွဲဆောင်၊ မျိုးဝက်ဆောင်နှင့် အစာစပ်စက်ရုံတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် စက်တင်ဘာ ၁၆ရက် နံနက်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းရှိ အဆင့်မြင့် တိရစ္ဆာန်အစာမြက်စိုက်ခင်းများ၊ ဖရီးရှန် နို့စားမွေးမြူရေးခြံ၊ မိဘမျိုးအသားတိုး ကြက်ခြံတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ ရန်ကင်းရပ်ကွက်ရှိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် မဟာရန်အောင်မြင်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိလာသအား သွားရောက်ဖူးမြော် ကြည်ညိုကြပြီး မဟာရန်အောင်မြင် ရွှေသာလျောင်းကျောက်တော်ကြီးဘုရားအတွက် အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် စက်တင်ဘာ ၁၇ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ မန္တလေးမြို့မှ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊လုပ်ငန်းများမှ ဝန်ထမ်းများနှင့် တွေ့ဆုံကာ သား၊ငါး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားရမည့် ရှေ့လုပ်ငန်းစဉ်များကို မှာကြားပြီး မွေးမြူရေးလုပ်ငန်းရှင် ဦးတင်မြင့်၏ စံပြမွေးမြူရေးနှင့် အစားအစာထုတ်လုပ်ရေး စက်ရုံကို သွားရောက်ကြည့်ရှု အားပေးကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၉**

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်များအရ စစ်ကိုင်းမြို့တွင် ၁၁၆၁ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက်၌ ၁၁ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၁၅၀ အောက်သို့ ကျဆင်းနိုင်သည်။

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်များအရ မင်းဘူးမြို့တွင် ၁၇၃၃ စင်တီမီတာနှင့် မကွေးမြို့တွင် စင်တီမီတာ ၁၇၂၀ သို့ အသီးသီးရောက်ရှိနေကြပြီး စိုးရိမ်ရေမှတ်အထက်၌ မင်းဘူးမြို့တွင် ၃၃ စင်တီမီတာနှင့် မကွေးမြို့တွင် စင်တီမီတာ ၂၀ ကျော်လွန်နေကြသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း မင်းဘူးမြို့နှင့် မကွေးမြို့တို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၇၀၀ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲတိုင်းထွာချက်အရ ဟင်္သာတမြို့တွင် ၁၃၆၅ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက်၌ ၂၃ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂ စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ၈၉၁ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၁ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၈၇၀အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။ (သတင်းစဉ်)

2007

INTERNATIONAL DAY OF OLDER PERSONS
1st OCTOBER 2007

အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့
၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့

"TOWARDS A SOCIETY FOR ALL AGES"
"သက်ရွယ်စုံညီ၊ လူ့ဘောင်ဆီသို့"

**ဥတုရာသီ တောကိုမှီ၏**

### နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

**ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းမည်။**

# နီပေါတွင် ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာဆွေးနွေးပွဲ ဖွင့်လှစ်

**ခတ္တမန္ဒူ စက်တင်ဘာ ၁၈**

နီပေါနိုင်ငံ၏ ရေအားလျှပ်စစ်စီမံကိန်းတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်နိုင်ရန် လျှပ်စစ်စွမ်းအား ၂၀၀၇ အမည်ရှိ ထိပ်သီးဆွေးနွေးပွဲကို မြို့တော် ခတ္တမန္ဒူတွင် တနင်္လာနေ့က ဖွင့်လှစ်လိုက်ကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

ဒေသဆိုင်ရာနှင့် ပြည်ပမှ ကုမ္ပဏီများအပါအဝင် ကမ္ဘာတစ်ဝန်းရှိ တာဝန်ရှိပုဂ္ဂိုလ် ၂၀၀ ကျော်က အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးကြသည်။ ဆွေးနွေးပွဲကျင်းပသည့်ရည်ရွယ်ချက်မှာ နီပေါနိုင်ငံ၏ ရေအားလျှပ်စစ်စီမံကိန်းများတွင် ပြည်ပရင်းနှီးမှုများ တိုးတက်လာစေရေးအတွက်ဖြစ်သည်ဟု သိရသည်။

ကမ္ဘာတစ်ဝန်းရှိ အစိုးရအဖွဲ့အသီးသီးနှင့် အိန္ဒိယ၊ ဩစတြေးလျနှင့် နော်ဝေးနိုင်ငံတို့မှ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များကလည်း ယင်းဆွေးနွေးပွဲသို့ တက်ရောက်ကြသည်။

အိန္ဒိယနိုင်ငံမှ စွမ်းအင်ကုမ္ပဏီ၊ နီပေါဘဏ်မှ ကိုယ်စားလှယ်များ၊ နီပေါဘဏ်လုပ်ငန်းရှင်များအသင်းနှင့် နီပေါစွမ်းအင်ထုတ်လုပ်ရေးအဖွဲ့တို့က ပူးတွဲကြီးမှူးကျင်းပသည့် အဆိုပါဆွေးနွေးပွဲကို အင်္ဂါနေ့အထိ ဆက်လက်ကျင်းပသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***




**အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ ကားအရောင်းပြခန်း၌ ပြသထားသော ကွန်တီနင်တယ် ဖလိုင်းရင်းစပါး ကားတစ်စီးကို စက်တင်ဘာ ၁၇ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# ဘိုဟိုင်းပင်လယ်ပြင်တွင် သင်္ဘောနှစ်စင်း တိုက်မိ

**ပေကျင်း စက်တင်ဘာ ၁၈**

ပနားမားမှတ်ပုံတင် ချန်တုန်အမည်ရှိ ကုန်သင်္ဘောတစ်စင်းနှင့် ဂျာမနီမှတ်ပုံတင် ဟန်ဂျင်ဂိုသန်ဘတ်ကုန်သေတ္တာသင်္ဘောတို့ တရုတ်နိုင်ငံ ဘိုဟိုင်းပင်လယ်တွင် စနေနေ့ကတိုက်မိကြရာ သေဆုံးသူမရှိကြောင်း တရုတ်ရေကြောင်းကယ်ဆယ်ရေးဌာနက တနင်္ဂနွေနေ့တွင်ပြောကြားသည်။ ၂၇၄ မီတာအရှည်ရှိ ဂျာမန်သင်္ဘောက ၁၈၂ မီတာ အရှည်ရှိ တရုတ်သင်္ဘောကို တရုတ်နိုင်ငံ ရှန်တုန်ပြည်နယ် ယန်တိုင်မြို့ကမ်းလွန်တွင် ဝင်တိုက်မိသဖြင့် တရုတ်သင်္ဘော၏ အခန်းများအတွင်းသို့ ရေများဝင်ရောက်ခဲ့သည်ဟု ဖော်ပြပါဌာနက ပြောကြားသည်။

ချန်တုန်သင်္ဘောပေါ် လိုက်ပါလာသူ ၂၆ ဦးနှင့် ဟန်ဂျင်ဂိုသန်ဘတ်သင်္ဘောပေါ် လိုက်ပါလာသူ ၂၂ ဦးတို့ ထိခိုက်ဒဏ်ရာရခြင်း မရှိခဲ့ဟု ဖော်ပြပါဌာနမှ တာဝန်ရှိပုဂ္ဂိုလ် ဇိုင်ဂျူရှိုင်က ပြောကြားသည်။

ယင်းဖြစ်ရပ်ပေါ်ပေါက်အပြီး သုံးနာရီအကြာတွင် ကယ်ဆယ်ရေးသင်္ဘော ရောက်လာခဲ့သည်။

ရေထုညစ်ညမ်းမှုရှိ၊ မရှိစောင့်ကြည့်နိုင်ရန်ကယ်ဆယ်ရေးရဟတ်ယာဉ်တစ်စင်းက ယင်းနေရာတွင် ဝဲပျံနေခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ဘင်္ဂလားဒေ့ရှ်ရေလွှမ်းမိုးမှု လူပေါင်း ၁၀၂၃ဦးသေဆုံး

**ဒါကာ စက်တင်ဘာ ၁၈**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရေလွှမ်းမိုးမှုများကြောင့် သေဆုံးရသူဦးရေ ၁၀၂၃ ဦး ရှိကြောင်း၊ လူပေါင်း ၂၃သမ၅သန်းမှာ အိုးမဲ့အိမ်မဲ့ဖြစ်ရကြောင်း သို့မဟုတ် ရေနစ်မြုပ်နေသည့် နေအိမ်များတွင် ပိတ်မိနေကြောင်း ရေလွှမ်းမိုးမှုထိန်းချုပ်ရေးဌာနက စက်တင်ဘာ ၁၇ ရက်တွင် ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဗြဟ္မပုတ္တရမြစ်နှင့် ဂင်္ဂါမြစ်တို့တွင် ရေကြီးနေဆဲဖြစ်သည်။ ယင်းမြစ်များတွင် စိုးရိမ်ရေမှတ်အထက်စင်တီမီတာ ၁၀၀ခန့်အထိ ရေတက်နေဆဲဖြစ်ကြောင်း၊ မြစ်ရေကြီးမှုကြောင့် မြစ်ကမ်းပါးများပြိုကျခဲ့ရပြီး ကျေးရွာထောင်ပေါင်းများစွာမှာ ရေနစ်မြုပ်နေဆဲဖြစ်ကြောင်း ရေလွှမ်းမိုးမှုထိန်းချုပ်ရေးဌာနက ပြောကြားသည်။

လွန်ခဲ့သည့် နှစ်ရက်တာကာလအတွင်း မြေနိမ့်ဒေသပိုင်းတွင် နေထိုင်သူ ၂၃ ဦး ရေနစ်သေဆုံးခဲ့သည်။ နိုင်ငံမြောက်ပိုင်းတွင်မူ ရေလွှမ်းမိုးမှုအခြေအနေမှာ ပြန်လည်တိုးတက်ကောင်းမွန်လာသည်။ နိုင်ငံအလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် ရေနစ်မြုပ်ခဲ့သည့်ဒေသများ၌ ရေကျဆင်းလာပြီဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လူဦးရေ ၁၄၄ သန်းရှိ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ရေဘေးအန္တရာယ်ဆိုင်ရာ နိုင်ငံတကာအကူအညီရရှိရန် မေတ္တာရပ်ခံထားသည်။ အလှူရှင်နိုင်ငံများက ဘင်္ဂလားဒေ့ရှ် ရေဘေးအတွက် ဒေါ်လာသန်း ၁၅၀ ထောက်ပံ့ပေးရန် ကတိပြုခဲ့သည်။ ရေလွှမ်းမိုးမှုကြောင့် စိုက်ခင်းများပျက်စီးဆုံးရှုံးရမှုတန်ဖိုးမှာ ဒေါ်လာသန်း ၂၉၀ထက်မနည်းရှိကြောင်း သိရသည်။ ***အင်တာနက်။***



**ရုရှားနိုင်ငံ မော်စကိုမြို့ပြင်ရှိ အာကာသလေ့ကျင့်ရေးစခန်းတွင် လေ့ကျင့်နေကြသော မလေးရှား(ယာအစွန်)၊ ရုရှား(လယ်)နှင့် အမေရိကန်(ဝဲအစွန်) အာကာသယာဉ်မှူးများကို စက်တင်ဘာ ၁၇ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*




# ဟားမတ်စ်အဖွဲ့နှင့် ဆွေးနွေးမည့် စည်းမျဉ်းသစ် ဖာတာအဖွဲ့ ချမှတ်

**ရာမာလာ စက်တင်ဘာ ၁၈**

ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်၏ ဖာတာလှုပ်ရှားမှုအဖွဲ့သည် ဟားမတ်စ်အဖွဲ့နှင့်ဆွေးနွေးရန် စည်းမျဉ်းအသစ်ချမှတ်ထားကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက တနင်္ဂနွေနေ့တွင် ပြောကြားသည်။ ဟားမတ်စ်အဖွဲ့က ဂါဇာကမ်းမြောင်ဒေသကို သိမ်းပိုက်မှုအဆုံးသတ်ရေးသည် ဆွေးနွေးပွဲ ကျင်းပနိုင်မည့် နည်းလမ်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဝန်ကြီးချုပ်ရာထူးမှ ဖယ်ရှားခံခဲ့ရသည့် အစ္စမေးဟာနီယာ၏ ဟားမတ်စ်အဖွဲ့က ဂါဇာကမ်းမြောင်ဒေသကို စစ်ရေးအရ သိမ်းပိုက်ခဲ့မှု အဆုံးသတ်ရေးသည် ဆွေးနွေးပွဲ ဆက်လက်ကျင်းပနိုင်မည့် နည်းလမ်းဖြစ်သည်ဟု ဖာတာအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဖာမီဇာရီယာက ပြောကြားသည်။

အစ္စမေးဟာနီယာက ဆွေးနွေးပွဲ ဆက်လက်ကျင်းပလိုသည်ဟု ပြောကြားနေလင့်ကစား အခြားတစ်ဖက်တွင် ၎င်း၏ဟားမတ်စ်အဖွဲ့က ပြည်သူလူထုအပေါ် ဖိနှိပ်ပြီး လူလူချင်း ညှဉ်းပန်းသည့်ပြစ်မှုများ ကျူးလွန်လျက်ရှိကြောင်း ဇာရီယာက ဆက်လက်ပြောကြားသည်။

ဖာတာ ခေါင်းဆောင်များနှင့် ဟားမတ်စ်တာဝန်ရှိ ပုဂ္ဂိုလ်များ ဆက်သွယ်မှုမရှိဟု ဖာတာအဖွဲ့မှ အခြားသော ပြောရေးဆိုခွင့်ရှိသူ ရာမန်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# အိန္ဒိယနိုင်ငံ ဟီမာချယ်ပရာဒေ့ရှ်ပြည်နယ် ကမ္ဘာလှည့်များအား ဆွဲဆောင်နိုင်မှု လျော့နည်းလာ

**နယူးဒေလီ စက်တင်ဘာ ၁၉**

အိန္ဒိယနိုင်ငံရှိ ဟီမာချယ်ပရာဒေ့ရှ်ပြည်နယ်သည် ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်နိုင်မှု ပိုမိုလျော့နည်း လာကြောင်း စက်တင်ဘာ ၁၇ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဟီမာချယ်ပရာဒေ့ရှ်ပြည်နယ်သို့ ကမ္ဘာလှည့်ခရီးသည် များလာရောက်မှု ပိုမိုလျော့နည်းသွားရခြင်းမှာ ၎င်းတို့အနေဖြင့် တရုတ်နှင့် နီပေါနိုင်ငံတို့သို့ စိတ်ဝင်စားလာကြခြင်းကြောင့်ဖြစ်ကြောင်း ခရီးသွားလုပ်ငန်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဟီမာချယ်ပရာဒေ့ရှ် ပြည်နယ်သို့ ကမ္ဘာလှည့်ခရီးသည် လာရောက်မှု ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းခန့်အထိ ကျဆင်းသွားသည်ကို တွေ့ရကြောင်း၊ တရုတ်နိုင်ငံ တိဘက်ဒေသသို့ ကမ္ဘာလှည့်ခရီးသည်များ ပိုမိုသွားရောက်လျက်ရှိကြောင်း၊ နီပေါနိုင်ငံတွင်လည်း ပြည်တွင်း လုံခြုံမှုအခြေအနေ တိုးတက်ကောင်းမွန်လာခြင်းကြောင့် ကမ္ဘာလှည့်ခရီးသည် အဝင်အထွက်များလာကြောင်း ခရီးသွားလုပ်ငန်း တာဝန်ရှိသူ ဗွီပီဆင်းဂ်က ပြောကြားသည်။ ***အင်တာနက်။***



**နိုင်ဂျီးရီးယားနိုင်ငံ အဘူဂျာမြို့ ကွန်ပျူတာအရောင်းဆိုင်တစ်ဆိုင်ကို စက်တင်ဘာ ၁၇ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင် လေးဦးသေဆုံး

**ဘဂ္ဂဒက် စက်တင်ဘာ ၁၉**

အီရတ်နိုင်ငံ၌ စက်တင်ဘာ ၁၈ရက်နေ့က ပေါက်ကွဲမှုတစ်ခုနှင့် ယာဉ်မတော်တဆမှုတို့ဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင် လေးဦးသေဆုံးပြီး သုံးဦးမှာ ထိခိုက်ဒဏ်ရာရရှိကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက် ဒီရာလာပြည်နယ်တွင် စက်တင်ဘာ ၁၈ရက်နေ့က ဖြစ်ပွားခဲ့သော ပေါက်ကွဲမှုတစ်ခုအတွင်း၌ အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီး သုံးဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း နောက်ဆုံးထွက်ပေါ်လာသော စစ်ဘက်ဆိုင်ရာသတင်းအရ သိရသည်။

တပ်ဖွဲ့ဝင်များသည် အနီးအနားဝန်းကျင်၌ ကင်းလှည့်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားရခြင်းဖြစ်သည်ဟု စစ်ဘက်ဆိုင်ရာက ပြောကြားသော်လည်း ပေါက်ကွဲမှုဖြစ်ပွားရခြင်း၏ အသေးစိတ် အချက်အလက်များကို မသိရသေးပေ။

တစ်ချိန်တည်း၌ပင် စက်တင်ဘာ ၁၈ရက်နေ့၌ နင်နီဗာပြည်နယ်မြောက်ပိုင်းတွင် ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ရာ တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးခဲ့ကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

# အာဖဂန်နစ္စတန်တွင် ဗုံးပေါက်ကွဲ

**ကန်ဒါဟာ စက်တင်ဘာ ၁၈**

အာဖဂန်နစ္စတန်တောင်ပိုင်းရှိ အစိုးရအဆောက်အအုံဝင်းအတွင်း စက်တင်ဘာ ၁၇ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ရဲတပ်ဖွဲ့ဝင်လေးဦးနှင့် အရပ်သားလေးဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိကြောင်း ခရိုင်အကြီးအကဲက ပြောကြားသည်။

ဟယ်လ်မန်းပြည်နယ် နာဒါလီခရိုင်တွင်တာလီဘန်စစ်သွေးကြွနယ်မြေနှင့် အာဖဂန်နှင့် နိုင်ငံခြားတပ်ဖွဲ့များ နယ်မြေကြားရှိဒေသ၌ အဆိုးရွားဆုံး တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။ ၎င်းအဆောက်အအုံဝင်းအတွင်း အစိုးရအိမ်များနှင့် ရဲဌာနချုပ်တည်ရှိသည်။ ကဘူးမြို့အရှေ့ဘက် ကီလိုမီတာ ၄၀ အကွာရှိ တောင်ထူထပ်သောဒေသတွင် နေတိုးဦးဆောင်သော လုံခြုံရေးတပ်ဖွဲ့များ ကင်းလှည့်စဉ် စက်တင်ဘာ ၁၄ ရက်က တိုက်ခိုက်ခံရကြောင်း နေတိုးတပ်ဖွဲ့က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

# နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုလျက်ရှိသည့် တံတားကြီးများ



နိုင်ငံတော်က နိုင်ငံတစ်လွှား လမ်းတံတားများကို တည်ဆောက်ပေးလျက်ရှိသည်။

လမ်းပန်းဆက်သွယ်မှုကောင်းမွန်ခြင်းသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုလျက်ရှိသည်။ ထို့အပြင် ဒေသတစ်ခုနှင့် တစ်ခု လမ်းတံတားများ တည်ဆောက်ဖောက်လုပ်ပေးခြင်းဖြင့် ဒေသခံပြည်သူများ အချင်းချင်း ကူးလူးဆက်ဆံမှုများပြားလာပြီး ရင်းနှီးချစ်ခင်မှုများ တိုးပွားကာ စည်းလုံးညီညွတ်မှုကိုလည်း ပိုမိုဖြစ်ပေါ်စေမည်ဖြစ်သည်။

ယခုအခါ နိုင်ငံတစ်ဝန်း လမ်းတံတားများကို နိုင်ငံတော်က တည်ဆောက်ပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူများ တိုင်းနှင့်ပြည်နယ်အနှံ့ တစ်ဆက်တစ်စပ်တည်း အလွယ်တကူသွားလာနိုင်ကြပြီ ဖြစ်သည်။ တစ်ချိန်က မြစ်ကူးတံတားကြီးဟူ၍ ဧရာဝတီမြစ်ကူး စစ်ကိုင်းတံတားတစ်စင်းသာရှိခဲ့ရာမှ ၁၉၈၈ခုနှစ် နောက်ပိုင်းတွင် ဧရာဝတီမြစ်ကူး ဗလမင်းထင်တံတား၊ ရတနာပုံတံတား၊ အနော်ရထာတံတား၊ နဝဒေးတံတား၊ ဗိုလ်မြတ်ထွန်းတံတား၊ သံလွင်မြစ်ကူး ဘားအံတံတား၊ တာကော်အက်တံတား စသည့် တံတားကြီးများကို တည်ဆောက်ပေးနိုင်ခဲ့သည်။

ထိုသို့သော **တိုင်းရင်းသားပြည်သူများ၏ အကျိုးကျေးဇူးကို ထိရောက်စွာ အထောက်အကူပေးနိုင်သည့် တံတားကြီးများကို နိုင်ငံတော်က တည်ဆောက်ပေးနေသကဲ့သို့ ဒေသအတွက် လိုအပ်ချက်အရ တံတားလတ်၊ တံတားငယ်များကိုလည်း တည်ဆောက်ပေးလျက်ရှိသည်။ ထိုသို့ နိုင်ငံတော်က တံတားကြီး၊ တံတားငယ်များ တည်ဆောက်ပေးနေခြင်းသည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲနေသည့် နေရာဒေသများက ပြည်သူများ သွားလာရေး လွယ်ကူချောမွေ့စေရန်၊ ဒေသထွက်ကုန်များ လွယ်ကူစွာ သယ်ယူပို့ဆောင်ပြီး ရောင်းဝယ်မှုလုပ်ငန်းများ တိုးတက်စေရန်၊ စီးပွားရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ပြီး စီးပွားရေး၊ လူမှုရေးအဆင့်အတန်းများ တိုးတက်မြင့်မားစေရန်တို့အပြင် ပညာရေး၊ ကျန်းမာရေး လူမှုအခြေခံများ တိုးမြင့်လာစေရန် ဆိုသည့် ရည်ရွယ်ချက်စိတ်ရင်းစေတနာဖြင့်ဖြစ်သည်။ ယခုအခါ မြစ်ကူး၊ ချောင်းကူးတံတားကြီးများကို ဒေသလိုအပ်ချက်နှင့်အညီ တစ်နိုင်ငံလုံး ဖြန့်ကြက်ပြီး တည်ဆောက်ပေးလျက်ရှိသည်။**

**နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်း ဖြန့်ကြက်ကာ နေရာဒေသမရွေးသို့ အချိန်အခါ မရွေး သွားလာနိုင်ရေးအတွက် တံတားများ ဆောက်လုပ်ပေးခဲ့ရာတွင် ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်ကြီး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မျှော်ကိုးပြီး တည်ဆောက်ပေးခဲ့ခြင်း ဖြစ်သည်။**

## ကိုအာကာ

ထိုသို့ တံတားကြီးများ တည်ဆောက်ပေးခဲ့မှုကြောင့် ချင်းတွင်းမြစ်၊ ဧရာဝတီမြစ်၊ ရွှေလီမြစ်များ ပိုင်းခြားနေခဲ့ရသော နယ်မြေဒေသများ တစ်ဆက်တစ်စပ်တည်း ဖြစ်သွားခဲ့ပြီဖြစ်သည်။ **ဖွံ့ဖြိုးမှု နောက်ကျနေခဲ့ရသည့် ရွှေလီ အရှေ့ခြမ်းဒေသ၊ ဧရာဝတီ အနောက်ခြမ်းဒေသ၊ ချင်းတွင်း အနောက်ခြမ်းဒေသတို့သည် ယခုအခါ ဧရာဝတီမြစ်ကူး တံတားကြီး ခုနစ်စင်း၊ ချင်းတွင်းမြစ်ကူးတံတားကြီး နှစ်စင်း၊ သံလွင်မြစ်ကူး တံတားကြီး ငါးစင်းတို့၏ ကျေးဇူးကြောင့် အဆိုပါဒေသများတွင် ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်လျက်ရှိနေပြီဖြစ်သည်။ ထိုသို့ တံတားကြီးများ တည်ဆောက်ပေးနိုင်ခဲ့မှုကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု အခြေခံကောင်းများ၊ ဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအခြေခံကောင်းများ နယ်မြေဒေသအသီးသီးတွင် ထူးခြားစွာ ပြောင်းလဲတိုးတက်ဖွံ့ဖြိုးလာခဲ့သည်။**

ထို့အပြင် မြန်မာနိုင်ငံ တောင်ဘက်ခြမ်းမှသည် မြောက်ဘက်ခြမ်းအထိ ပြည်ထောင်စုလမ်းမကြီးများ ဆက်သွယ်မိအောင် မြန်မာနိုင်ငံ၌ အရှည်ဆုံးဖြစ်သည့် သံလွင်မြစ်ကူး(မော်လမြိုင်)တံတားကြီးနှင့် တနင်္သာရီတိုင်း တစ်လျှောက် မြစ်ကူး၊ ချောင်းကူးတံတား များစွာအပါအဝင် မဟာဗျူဟာမြောက် မြစ်ကူး၊ ချောင်းကူးတံတားများစွာ နိုင်ငံတော်က တည်ဆောက်ပေးခဲ့သည်။

နိုင်ငံတော်က တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် စေတနာကောင်းဖြင့် ကြိုးစားလုပ်ဆောင်နေသော်လည်း ပြည်တွင်းပြည်ပ အဖျက်သမားများက ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး မဖွံ့ဖြိုး မတိုးတက်စေရန် စေတနာဆိုးဖြင့်

**နိုင်ငံတော် ဖွံ့ဖြိုးရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးတို့အတွက် အထောက်အကူ ပြုလျက်ရှိသော တွံတေးတံတားကြီးကို ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။**

**မြန်မာနိုင်ငံ တောင်ဘက်ခြမ်းမှသည် မြောက်ဘက်ခြမ်းအထိ ပြည်ထောင်စုလမ်းမကြီးများ ဆက်သွယ်မိအောင် တည်ဆောက်ထားသည့် မြန်မာနိုင်ငံ၏ အရှည်ဆုံးတံတားကြီးတစ်စင်း ဖြစ်သည့် သံလွင်တံတား (မော်လမြိုင်)ကို တွေ့ရစဉ်။**

ရည်ရွယ်ချက်ရှိရှိ ပိတ်ဆို့ဟန့်တားလျက်ရှိကြသည်။ သို့သော် နိုင်ငံတော်အစိုးရအနေဖြင့် ငွေကြေးအကုန်အကျများပြီး မြစ်ကူး၊ ချောင်းကူးတံတားကြီးများကို ပြည်ပမှအထောက်အပံ့မပါဘဲ မိမိတို့နိုင်ငံသူ နိုင်ငံသားပညာရှင်များ၏ စွမ်းအားဖြင့် တည်ဆောက်နိုင်ခဲ့သည်။ ၎င်းမှာ လွန်စွာမြင့်မားသည့် အမျိုးသားရေးအားမာန်ကို ဖော်ညွှန်းပြဆိုနေခြင်းပင် ဖြစ်သည်။

**နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းဖြန့်ကြက်ကာ နေရာဒေသမရွေးသို့ အချိန်အခါမရွေးသွားလာနိုင်ရေးအတွက် တံတားများဆောက်လုပ်ပေးခဲ့ရာတွင် ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်ကြီး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မျှော်ကိုးပြီး တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။** ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း နယ်မြေမရွေး အတူတကွ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ယခုကဲ့သို့ တံတားကြီးများ တည်ဆောက်ပေးနေမှုတွင် နိုင်ငံတော်က ဘဏ္ဍာငွေကြေး အမြောက်အမြား ကုန်ကျသုံးစွဲခဲ့ရသည်။

မြန်မာနိုင်ငံတွင် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်း စသည့် မြစ်ကြီးများ ဖြတ်သန်းစီးဆင်းနေသကဲ့သို့ ရခိုင်ရိုးမ၊ ပဲခူးရိုးမနှင့် အနောက်ရိုးမ တောင်တန်းများကလည်း ဝန်းရံကာဆီးနေရာ ဒေသဖွံ့ဖြိုးရေးအတွက် အရေးပါသော လမ်းပန်းဆက်သွယ်ရေးကို လက်တွေ့အကောင်အထည်ဖော် တည်ဆောက်ဖောက်လုပ်ရာတွင် အခက်အခဲများစွာ ကြုံတွေ့ခဲ့ရသည်။ သို့သော် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

ထိုသို့ တစ်နိုင်ငံလုံး နေရာအနှံ့ တံတားများတည်ဆောက်ခဲ့ရာတွင် နိုင်ငံတော်အကြီးအကဲ၏ **"ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံးသည် မျှမျှတတ ဖွံ့ဖြိုးတိုးတက်နေမယ်၊ ဒေသတစ်ခုနှင့် တစ်ခုအကြား ဆူကြုံနိမ့်မြင့်ကွာဟမှုဟာ** စာမျက်နှာ ၇ ကော်လံ ၁ သို့ ❐



# စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကျင်းပ
# တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဇနီး တက်ရောက်၍ ငါးမျိုးစိုက်ထည့်ပေး

ရန်ကုန် စက်တင်ဘာ ၁၉

**မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသည့် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပေးခြင်း အခမ်းအနားကို ဩဂုတ် ၃၀ ရက်တွင် ကျိုက်မရောမြို့နယ် လက်ပံကျေးရွာရှိ အထွက်တိုး စံပြစိုက်ကွင်း၌ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဇနီး မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မြင့်မြင့်စိုး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးမြင့်က စပါးခင်းများအတွင်း ငါးမျိုး စိုက်ထည့်ပေးခြင်း ရည်ရွယ်ချက်နှင့် အကျိုးသက်ရောက်ပုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် တာဝန်ရှိသူများက တောင်သူများအား စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပေးနိုင်ရန်အတွက် ငါးသားပေါက်များကို ဖြန့်ဝေပေးသည်။

**ရှင်းရှင်းနီးနီးနှုတ်ဆက်**

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ဇနီးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများသည် စပါးခင်းများအတွင်း ငါးမျိုးများကို စိုက်ထည့်ပေးကြပြီး တိုင်းမှူးနှင့် ဇနီးတို့က ဒေသခံတောင်သူများအား ရှင်းရှင်းနီးနီး နှုတ်ဆက်ကြသည်။

အဆိုပါ အခမ်းအနားတွင် မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနက တီလားပီးယား၊ ရွှေဝါငါးကြင်းနှင့် ငါးခုံးမသားပေါက်ကောင်ရေ ၄၀၀၀၀ ဖြန့်ဝေပေးကာ ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)



**မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသည့် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပေးခြင်း အခမ်းအနားကို မွန်ပြည်နယ် ကျိုက်မရောမြို့နယ် လက်ပံကျေးရွာရှိ အထွက်တိုး စံပြစိုက်ကွင်း၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဇနီး မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မြင့်မြင့်စိုးတို့ ငါးမျိုးစိုက်ထည့်ပေးစဉ်။**

(၃၀၇)

❒ စာမျက်နှာ ၆ ဆောင်းပါးမှ အဆက်

**မကြီးမားစေဘဲ နည်းနိုင်သမျှနည်းအောင် ကြိုးစားရမယ်၊ ဖွံ့ဖြိုးမှု အားနည်းနေတဲ့ နယ်မြေဒေသတွေကို နည်းလမ်းမျိုးစုံရှာပြီး ဖွံ့ဖြိုးလာအောင် ကြိုးစားပေးရမယ်၊ ပြည်ထောင်စုကြီးတစ်ခုလုံး ညီညီညွတ်ညွတ် မျှမျှတတဖွံ့ဖြိုးတိုးတက်လာမှသာ ရေရှည်တည်တံ့ခိုင်မြဲမည့် ပြည်ထောင်စုကြီး ဖြစ်လာမယ်”**ဟူသော မွန်မြတ်သော လမ်းညွှန်မှုဖြင့် တံတားများ တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။

**နိုင်ငံတော်တစ်ဝန်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွား အတွက် ရည်ရွယ်တည်ဆောက်ပေးခဲ့သော တံတားများကို ကြည့်လျှင် ၁၉၈၈ခုနှစ်မှ ၂၀၀၇ခုနှစ် ဇူလိုင်လအထိ စုစုပေါင်း ပေ ၁၈၀ အထက် တံတား ၂၀၇စင်း ရှိခဲ့ပြီဖြစ်သည်။**

မြန်မာနိုင်ငံအထက်ပိုင်း ကချင်ပြည်နယ် ဖားကန့်မြို့နယ်ရှိ ဒွန်ဘန်တံတားကို တည်ဆောက်ပေးနိုင်ခဲ့သလို မြန်မာနိုင်ငံအလယ်ပိုင်းတွင် ဧရာဝတီမြစ်ကိုဖြတ်ကာ မအူပင်တံတားကြီးကဲ့သို့သော ပေ ၁၈၀အထက် တံတားမျိုးတည်ဆောက်ပေးခဲ့သည်။ မြန်မာနိုင်ငံအောက်ပိုင်း တနင်္သာရီတိုင်း မြိတ်မြို့အထွက်တွင် မြိတ်-ထားဝယ်လမ်းပေါ်ရှိ အရှည် ၃၆၁၂ပေရှိသော ကျွဲကူး-ကျောက်ဖျာတံတားမျိုးကိုလည်း တည်ဆောက်ပေးနိုင်ခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံတစ်နိုင်ငံလုံးသို့ ထက်-လယ်-အောက် လျင်မြန်စွာ စုန်ဆင်း၊ ဆန်တက် အလွယ်တကူ ခရီးသွားလာနိုင်ခဲ့သလို ကုန်စည်စီးဆင်းမှုများလည်း လျင်မြန်သွက်လက်ကာ ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝများလည်း တိုးတက်မြင့်မားလာခဲ့သည်။

**ထိုသို့ နိုင်ငံတော်က ၁၉၈၈ခုနှစ် နောက်ပိုင်းမှ ယနေ့အထိ တည်ဆောက်ပေးခဲ့သော ပေ ၁၈၀ အထက် တံတားပေါင်း ၂၀၇စင်းအပြင် တပ်မတော်သားများက တည်ဆောက်ပေးခဲ့သည့် တံတား ၁၁ စင်း၊ မြန်မာ့မီးရထားက ခုနစ်စင်းနှင့် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနက တည်ဆောက်ပေးခဲ့သော တံတားနှစ်စင်း အပါအဝင်ဆိုလျှင် စုစုပေါင်း တံတား ၂၂၇စင်း ရှိခဲ့ပြီဖြစ်သည်။**

**ထို့အပြင် ပြည်နယ်နှင့်တိုင်းအလိုက် တံတားများ ကွန်ရက်သဖွယ် တည်ဆောက်ခဲ့ရာတွင် ပေ ၂၀မှ ပေ ၁၀၀အတွင်း တံတား ၁၈၃၄စင်းနှင့် ပေ ၁၀၀မှ ပေ ၁၈၀အတွင်း တံတား အစင်းပေါင်း ၂၄၀ တည်ဆောက်ပေးနိုင်ခဲ့ခြင်းမှာ နိုင်ငံတော် ဖွံ့ဖြိုးရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူတို့၏ လူနေမှုဘဝ မြင့်မားရေးတို့ကို နိုင်ငံတော်က ဦးစားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားသော သာဓကများပင်ဖြစ်သည်။ ယခင်က ဒေသတစ်ခုနှင့် တစ်ခု ကူးလူးသွားလာရေးမှာ မြစ်များ၊ ချောင်းများ၊ တောင်များ ကာရံတားဆီးနေသော အခက်အခဲများကို နိုင်ငံတော်က စေတနာရှေ့ထား ကြိုးစားဖယ်ရှားပေးခဲ့ခြင်းလည်းဖြစ်သည်။**

ယခုအခါ နိုင်ငံတော်က တံတားကြီး၊ တံတားလတ်၊ တံတားငယ်များကို နိုင်ငံအနှံ့အပြားတွင် ဆက်လက်တည်ဆောက်နေဆဲပင်ဖြစ်သည်။

**ထိုသို့ နိုင်ငံတော်က လမ်းတံတားကြီးများကို စေတနာရှေ့ထားပြီး နေ့မအားညမနား တည်ဆောက်အကောင်အထည်ဖော်ပေးနိုင်ခဲ့မှုကြောင့် ယခင်ခေတ်ကာလများက မိမိတို့ တိုင်းအတွင်းရှိ မြို့ရွာအချင်းချင်းပင် ရေလမ်းက အချိန်ယူသွားလာနေခဲ့ရသည့် အခြေအနေမှ ယခုအခါ မော်တော်ယာဉ်ငယ်များ၊ ကုန်တင်ယာဉ်ကြီးများဖြင့် ဥဒဟို ကူးသန်း သွားလာနိုင်ကြပြီဖြစ်သည်။ အဆိုပါ မြင်ကွင်းသည် အနာဂတ် အမိမြန်မာ နိုင်ငံတော်ကြီး၏ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေး၏ ရောင်ခြည်ဦးများပင်ဖြစ်သည်။**

ထို့ကြောင့် နိုင်ငံတော်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး (၅)ရပ်အနက် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးဟူသည့် လုပ်ငန်းစဉ်ကြီးကို အောင်မြင်အောင် အကောင်အထည်ဖော်ပေးနေခြင်းသည် တိုင်းရင်းသားပြည်သူများ ဒေသမရွေး၊ နယ်မြေမရွေး၊ အချိန်မရွေး ကူးလူးဆက်သွယ် သွားလာနိုင်ရေးကို အလေးပေးဆောင်ရွက်နေခြင်း ဖြစ်သကဲ့သို့ ဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့ခြင်းဖြင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ကာ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း စေတနာထား ဖော်ဆောင်ပေးနေခြင်းပင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

## မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း စာတမ်းဖတ်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၉**

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း “စွမ်းအင်နှင့် ပြန်ပြည့်မြဲ စွမ်းအင်ကော်မတီ”က ကြီးမှူးကျင်းပမည့် စွမ်းအင်နှင့် ပြန်ပြည့်မြဲ စွမ်းအင်ဆိုင်ရာ (၀၂/၂၀၀၇)စာတမ်းဖတ်ပွဲကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ Seminar Room မြေညီထပ် တက္ကသိုလ်များ (လှိုင်နယ်မြေ) လှိုင်မြို့နယ်၌ စက်တင်ဘာ ၂၂ရက် (စနေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ကျင်းပမည်ဖြစ်သည်။

**တက်ရောက်နိုင်**

စာတမ်းဖတ်ပွဲတွင် စာတမ်းရှင် KKS Engineering Co., Ltd. မှ Chairman ဦးထွန်းနိုင်အောင်က The Guide of Choosing Best Suitable RE and Energy Security စာတမ်းခေါင်းစဉ်ကိုလည်းကောင်း၊ San San Engineering Co., Ltd. မှ Managing Director ဦးတင်ဝင်းက Bio Energy and Small-Hydro Power Utilization in Integrated Farming စာတမ်းခေါင်းစဉ်ကို လည်းကောင်း အသီးသီးဖတ်ကြားမည် ဖြစ်သဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ တက္ကသိုလ်များ (လှိုင်နယ်မြေ) လှိုင်မြို့နယ်သို့ တက်ရောက်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံ ဆရာဝန်အသင်း ဟောပြောပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၉**

မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ အဏုဇီဝဗေဒအဖွဲ့က ကြီးမှူးကျင်းပမည့် “Food-borne diseases and food safety ”ဟောပြောပွဲကို စက်တင်ဘာ ၂၂ရက်(စနေနေ့) နံနက် ၉နာရီမှ ၁၂နာရီအထိ သိမ်ဖြူလမ်း မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ကျင်းပမည် ဖြစ်သည်။

ဟောပြောပွဲတွင် ဒေါက်တာဦးကျော်လင်း၊ ဒေါက်တာဒေါ်ခင်မြတ်နွယ်၊ ပါမောက္ခ ဒေါ်မေကြည်အောင်၊ တွဲဖက်ပါမောက္ခ ဦးဝင်းမြတ်အေးနှင့် ဒေါက်တာဦးဇော်သန်းထွန်းတို့က ဟောပြောကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူအားလုံး တက်ရောက်နိုင်ကြောင်းနှင့် အဏုဇီဝဗေဒဌာန၊ ဆေးတက္ကသိုလ်(၁)၊ ဆေးတက္ကသိုလ်(၂)နှင့် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနများတွင် မှတ်ပုံတင်နိုင်ကြောင်းနှင့် ဟောပြောပွဲကျင်းပမည့်နေ့တွင်လည်း မြန်မာနိုင်ငံဆရာဝန်အသင်း၌ မှတ်ပုံတင်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ အိမ်ရှင်မများ ဝင်ငွေတိုးပွားရေး လက်ကိုင်အိတ် အလှထိုးသင်တန်းကို စက်တင်ဘာ ၁၇ရက်က ပြုလုပ်ရာ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်းမြနှင့် အဖွဲ့ဝင်များ ကြည့်ရှုအားပေးစဉ်။**

(၅၃)

**မြောက်ဥက္ကလာပ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲနှင့် စာဖတ်ဝိုင်းကို ဩဂုတ် ၃၁ ရက်က (၈)ရပ်ကွက် အလင်းသစ် စာကြည့်တိုက်၌ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဒေါ်ရီရီရှိန် ဆွေးနွေးစဉ်။**

(မြို့နယ် ပြန်/ဆက်)



**စက်တင်ဘာ၁၅ရက်က အာဟာရ ဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အစီအစဉ်အရ တာမွေမြို့နယ် အမှတ်(၇)အခြေခံပညာမူလတန်းကျောင်း၌ အာဟာရ အိုဗာတင်း ဒုတိယအကြိမ် တိုက်ကျွေးစဉ်။**

(က-ပ)



# ဧရာဝတီမြစ်ရေ အောင်လံမြို့၌ စိုးရိမ်ရေမှတ် ရောက်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၁၉**

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ အောင်လံမြို့၌ ၂၄၉၂ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၂၅၅၀သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။ (သတင်းစဉ်)

# နေပြည်တော်လယ်ဝေးမြို့နယ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုနှင့် အာဟာရဖြစ်စေသည့် အစားအစာများ ချက်ပြုတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၉

**နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့်ဇနီးဒေါ်ဆွေဆွေဦးတို့သည် ယနေ့မွန်းလွဲ ၁နာရီတွင် နေပြည်တော်လယ်ဝေးမြို့နယ် (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံ၌ကျင်းပသည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုနှင့် အာဟာရဖြစ်စေသည့် အစားအစာများ ချက်ပြုတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။**

ရှေးဦးစွာ တိုင်းမှူးနှင့် ဇနီးတို့သည် ကျန်းမာရေးပညာပေးနံရံကပ်စာစောင်များ၊ ဆေးဝါးများ ပြသထားသော ပြခန်းကို ကြည့်ရှုအားပေးကြပြီး ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးသူငယ်များအား ကိုယ်ဝန်ဆောင်အားဆေးများ၊ ဗီတာမင်အေဆေးဝါးများနှင့် အာဟာရဖြစ်စေမည့် အစားအစာများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် ဇနီးတို့သည် ပြိုင်ပွဲဝင်အသင်းများက ချက်ပြုတ်ထားသည့် အာဟာရဖြစ်စေမည့် အစားအစာများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးစိုးနိုင်က မြို့နယ်၏ အာဟာရ ဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မိခင်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ နေပြည်တော်လယ်ဝေးမြို့နယ် အတွင်းရှိ ကျေးရွာများမှ အသင်းဝင် အဆိုပြုလွှာစောင်ရေ ၂၅၀ကို အသင်းဝင်တစ်ဦးက ပေးအပ်ရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သန်းသန်းစိန်က လက်ခံသည်။

ထို့နောက် ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များအတွက် အာဟာရရှိသော အစားအစာများ ချက်ပြုတ်ပြိုင်ပွဲ၌ ပထမဆုရ သာဝတ္တိမြို့နယ်မှ မိုးပြာအသင်း၊ ဒုတိယဆုရ အေလာမြို့နယ်မှ ငှက်ခါးအသင်း၊ တတိယဆုရ နေပြည်တော်လယ်ဝေးမြို့နယ်မှ တိမ်မီးခိုးအသင်းတို့အား တိုင်းမှူး၏ ဇနီး ဒေါ်ဆွေဆွေဦးက ဆုများချီးမြှင့်သည်။

ထို့နောက် တိုင်းမှူးနှင့်ဇနီးတို့သည် ဆေးရုံဝင်းအတွင်းရှိ စရိတ်မျှပေး ဆေးဆိုင်၊ လူနာဆောင်များ၊ ဆေးသိုလှောင်ခန်း၊ ဓာတ်မှန်ခန်းများကို ကြည့်ရှုစစ်ဆေးပြီး လူနာများအား ထောက်ပံ့ငွေများ ပေးအပ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဇနီး ဒေါ်ဆွေဆွေဦးတို့ နေပြည်တော်လယ်ဝေးမြို့နယ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုနှင့် အာဟာရဖြစ်စေသည့် အစားအစာများ ချက်ပြုတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများ ချက်ပြုတ်ထားသည့် အာဟာရဖြစ်စေသည့် အစားအစာများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)








## မြန်မာ – မလေးရှား ကုန်သွယ်ရေးဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၁၉**

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာ မောင်မောင်လေး၊ ဗဟိုအလုပ်အမှုဆောင်များနှင့် အလုပ်အမှုဆောင်များအား မလေးရှားနိုင်ငံ Ambridge Bima Sdn Bhd မှ Financial Consultant Mr. Chandranmani ခေါင်းဆောင်၍ အဖွဲ့ဝင် သုံးဦးတို့ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၄ရက် မွန်းလွဲပိုင်းတွင် အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ ကုန်သွယ်မှု တိုးမြှင့်နိုင်ရေးကိစ္စ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများဆိုင်ရာ ကိစ္စနှင့် ပို့ကုန်သွင်းကုန်ဆိုင်ရာ ကိစ္စများကို ရင်းနှီးစွာ ဆွေးနွေးကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၉-၂၀၀၇ (ကြာသပတေးနေ့)

| AM&PM | |
|---|---|
| ၇:၀၀–၁:၀၀ | MRTV-အဖွင့်Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅–၁:၀၅ | “ငါလုပ်သမျှဒုက္ခချည်းပဲ” တရားတော် (ပြည်တွင်း ပြည်ပ သာသနာပြု အောင်ဆန်းဆရာတော်ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ) |
| ၈:၁၀–၂:၁၀ | ဓနုရိုးရာအစားအစာ စားချင်ဖွယ်ရာဟင်းထုပ်ပါ |
| ၈:၂၀–၂:၂၀ | တေးဂီတအစီအစဉ် |
| ၈:၂၅–၂:၂၅ | ပြည်တွင်းအနုပညာရေးရာ |
| ၈:၅၅–၂:၅၅ | တေးဂီတအစီအစဉ် |
| ၉:၀၀–၃:၀၀ | ခေတ်မီတိုးတက်တီထွင်ချက် ရေမော်တာအလိုအလျောက်ထိန်းချုပ်စက် |
| ၉:၂၅–၃:၂၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၃၅–၃:၃၅ | ချောင်းကမ်းဘေးကရွာကလေး (နွဲ့နွဲ့စန်း၊ထင်ပေါ်၊တြိကို၊သဇင်) [ဒါရိုက်တာ–မြင့်စိုး(ဝသ–ရန်ကုန်)] |
| ၉:၄၅–၃:၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉:၅၀–၃:၅၀ | မဇ္ဈိမဂုဏ်ရည်ဆရာတော် ဒေါက်တာဘဒ္ဒန္တကောဝိဒ၏ ပြည်ပသာသနာပြုခမ္ဘခရီးစဉ် |
| ၁၀:၁၅–၄:၁၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀:၂၀–၄:၂၀ | ရန့်စုံထူးကဲ ဆပ်ပြာမွှေးခဲ |
| ၁၀:၃၀–၄:၃၀ | တေးဂီတအစီအစဉ် |
| ၁၀:၃၅–၄:၃၅ | ပြည်တွင်းအခွန်များဦးစီးဌာနအကြောင်းသိကောင်းစရာ (ဝင်ငွေခွန်) |
| ၁၀:၅၀–၄:၅၀ | တေးဂီတအစီအစဉ် |
| ၁၀:၅၅–၄:၅၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၀၅–၅:၀၅ | သင်ယူလေ့လာဂီတပညာ(ကိုစိုင်း)(အပိုင်း–၇) |
| ၁၁:၃၅–၅:၃၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁:၄၀–၅:၄၀ | တေးဂီတအစီအစဉ် |
| ၁၁:၄၅–၅:၄၅ | နိဗ္ဗာန်ဆီသို့(ဒေါက်တာချစ်ငယ် ဒဿန Ph.D) |
| ၁၂:၁၅–၆:၁၅ | တေးဂီတအစီအစဉ် |
| ၁၂:၂၀–၆:၂၀ | ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင်(Designer Ma Pontt) |
| ၁:၀၀ | MRTV-4 အပိတ် Logo |

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

### အမှာစကားပြောကြား

**အာဆီယံ အကောက်ခွန် စွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ်မြောက် အစည်းအဝေးတွင် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစံသောင်း အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

# အာဆီယံအကောက်ခွန် စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ်မြောက်အစည်းအဝေး ဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၉

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနက လက်ခံကျင်းပသည့် အာဆီယံအကောက်ခွန် စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ်မြောက် အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ Summit Park View ဟိုတယ်၌ ကျင်းပသည်။**

အဆိုပါ အစည်းအဝေး ဖွင့်ပွဲ အခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံသောင်းနှင့် တာဝန်ရှိသူများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ၊ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အကောက်ခွန် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံသောင်းက အဖွင့်အမှာစကား ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် အကောက်ခွန် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံသောင်းနှင့် အာဆီယံ အကောက်ခွန် စွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်လာကြသော အာဆီယံ အတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် အာဆီယံအကောက်ခွန် စွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ်မြောက် အစည်းအဝေးကို ဆက်လက်ကျင်းပသည်။ အဆိုပါ အစည်းအဝေးကို စက်တင်ဘာ ၁၉ရက်အထိ Summit Park View ဟိုတယ်၌ ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး သက်ကြီးပူဇော်ပွဲအတွက် ငွေလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၉**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ကျင်းပမည့် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် ဦးဝင်းနိုင် (မျက်ခြယ်ဗီဒီယိုထုတ်လုပ်ရေး)က ကွယ်လွန်သူများဖြစ်ကြသော ဒါရိုက်တာ အကယ်ဒမီမောင်နန္ဒ၊ ရုပ်ရှင်သရုပ်ဆောင်နှင့် အဆိုတော်သန်းဖေလေး၊ရုပ်ရှင်ဒါရိုက်တာ မောင်နီလွင်(သပြု)၊ ဒါရိုက်တာ ဦးဒယ်နီနှင့် ဒါရိုက်တာ ဦးဘရှင်တို့အားရည်စူး၍ ငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ ကွယ်လွန်သူ ဒါရိုက်တာ အကယ်ဒမီမောင်နန္ဒ၏ နှစ်နှစ်မြောက်အဖြစ် ဒါရိုက်တာ ဇော်မြင့်ဦး၊ ဒါရိုက်တာအေးကျော်၊ ဒါရိုက်တာ ကျော်ဇ၊ ဒါရိုက်တာ အောင်ဩဘာတို့က ငွေကျပ်နှစ်သိန်းတို့ကို လည်းကောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ လာရောက်လှူဒါန်းကြရာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးမြင့်သိန်းဖေနှင့် အမှုဆောင်များက လက်ခံကြသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏(၄၄)ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ရုပ်ရှင်နေ့ဖြစ်သည့် အောက်တိုဘာ ၁၃ရက်(စနေနေ့)တွင် ကျင်းပမည်ဖြစ်ရာ စေတနာရှင်များ အနေဖြင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ လာရောက်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**ရုပ်ရှင် သက်ကြီးပူဇော်ပွဲအတွက် ဦးဝင်းနိုင်(မျက်ခြယ်ဗီဒီယိုထုတ်လုပ်ရေး)က အလှူငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



## ကြေးမုံ အင်တာနက်သတင်းများ

# ပီရူးနိုင်ငံ၌ ဥက္ကာခဲ ကျရောက်ပေါက်ကွဲ ကြည့်ရှုသူများ အော့အန်မူးဝေသည့်ဝေဒနာခံစားရ

**လီမာ စက်တင်ဘာ ၁၉**

လွန်ခဲ့သည့် သီတင်းပတ်ကုန်က ပီရူးနိုင်ငံ တီတီကာကာရေအိုင်အနီးကုန်းမြင့်ဒေသတွင် ဥက္ကာခဲဟုယူဆရသော အရာဝတ္ထုတစ်ခု မြေပြင်ပေါ်ကျရောက်ပေါက်ကွဲသည့်အတွက် မြေကျင်းကြီးဖြစ်ပေါ်ခဲ့သည်။ ယင်းမြေကျင်းကြီးသို့ သွားရောက်ကြည့်ရှုသူ ဒါဇင်ပေါင်းများစွာမှာ အော့အန်ခြင်း၊ ခေါင်းကိုက်ခြင်း စသည့် ဝေဒနာများကို ခံစားရကြောင်း ကျန်းမာရေးဆိုင်ရာ အရာရှိများက စက်တင်ဘာ ၁၈ရက်တွင် ပြောကြားသည်။

ဥက္ကာပျံတုံးသည် လူမနေသော ကာရန်ကတ်စ်ဒေသ ပူနိုအရပ်အနီးတွင် ကျရောက်ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ထိုဖြစ်ရပ်ကြောင့် ၆၅ ပေကျယ်ပြီး ၂၂ ပေနက်သော ကျင်းကြီးဖြစ်ပေါ်ခဲ့သည်။ ယင်းပေါက်ကွဲသံကြီးကို ကြားရပြီးနောက် လူအများအပြားသည် ယင်းနေရာသို့ သွားရောက်ကြည့်ရှုခဲ့ကြသည်။

မြေပြင်သို့ ကျရောက်သော အရာဝတ္ထုသည် ဥက္ကာခဲ ဟုတ်မဟုတ် သိရှိနိုင်ရန် ပီရူးနိုင်ငံ ဘူမိရူပဗေဒတက္ကသိုလ်မှ ပညာရှင်များသည် ကျင်းကြီးဖြစ်ပွားရာနေရာသို့ သွားရောက်ခဲ့သည်။ ထိုအရပ်သည် လီမာမြို့မှ မိုင် ၈၀၀ အကွာတွင် တည်ရှိသည်။

ကျင်းကြီးဖြစ်ပွားရာနေရာသို့ သွားရောက်ခဲ့သူ လူ ၁၀၀ ခန့်မှာ အော့အန်ခြင်း၊ ခေါင်းအုံခြင်း ဝေဒနာများကိုခံစားကြရသည်။ ထိုသို့ ခံစားရခြင်းမှာ ၎င်းနေရာမှထွက်ပေါ်လာသော ဓာတ်ငွေ့များကို ရှူရှိုက်မိခြင်းကြောင့် ဖြစ်နိုင်သည်ဟု ပူနိုကျန်းမာရေးဌာန ညွှန်ကြားရေးမှူး ဂျော့လိုပက်ဇ်က ပြောကြားသည်။

လူအများက လေယာဉ်ပျက်ကျခြင်းဖြစ်မည်ဟူသော စိတ်အထင်ဖြင့် ပေါက်ကွဲမှုဖြစ်ပွားရာနေရာသို့ သွားရောက်ကြည့်ရှုခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ဆိုသည်။ ပေါက်ကွဲမှုဖြစ်ပွားရာနေရာသို့ လာပတ်စ်မြို့ရှိ စိန်အင်ဒရီတက္ကသိုလ်မှ ပညာရှင်များရောက်ရှိခဲ့ကြပြီး မြေနမူနာများကို စမ်းသပ်လေ့လာခဲ့ရာ မြေပြင်နှင့် ဆောင့်မိသောအရာဝတ္ထုမှာ ဥက္ကာခဲဖြစ်နိုင်ကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။

ဥက္ကာခဲတွင်ပါသော ဓာတ်ပစ္စည်းနှင့် မြေပြင်ရှိ ဓာတ်ပစ္စည်းများထိတွေ့မိသောအခါ ဓာတ်တုံ့ပြန်မှု ဖြစ်ပေါ်ပြီး ဓာတ်ငွေ့များအနီးဝန်းကျင်၌ ထွက်လာနိုင်သည်ဟု လီမာရှိ သယံဇာတတူးဖော်ရေးနှင့် သတ္တုဗေဒပညာတက္ကသိုလ်မှ ဘူမိဗေဒပညာရှင် လူစာမာစီနိုက ပြောကြားသည်။

ပီရူးနိုင်ငံတောင်ပိုင်း အင်ဒီစ်တောင်တန်းဒေသတွင် ၂၀၀၂ခုနှစ်နှင့် ၂၀၀၄ ခုနှစ်များက ဥက္ကာခဲများကျခဲ့ဖူးကြောင်း ပီရူးဘူမိဗေဒဌာနမှ အကြီးအကဲ ဟာနန်ဒိုတာဗီရာက ပြောကြားသည်။ **အင်တာနက်**

# လက်ဘနွန်တွင် ဗုံးပေါက်ကွဲ၊ ခုနစ်ဦးသေဆုံး

**ဘေရွတ် စက်တင်ဘာ ၁၉**

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့အရှေ့ပိုင်းတွင် စက်တင်ဘာ ၁၉ရက်က ပြင်းထန်သော ဗုံးပေါက်ကွဲမှုကြောင့် လူခုနစ်ဦးသေဆုံးပြီး လေးဦး ဒဏ်ရာရခဲ့ကာ ကားများလည်း မီးလောင်ပျက်စီးခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

အဆိုပါ ဗုံးပေါက်ကွဲမှုသည် ဘေရွတ်မြို့ မက်ထရိုပိုလီတန် ဟိုတယ်အနီးရှိ အယ်လ်ဖီလ်အရပ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုပေါက်ကွဲမှုကြောင့် သေဆုံး သွားသူများတွင် ဆီးရီးယားဆန့်ကျင်သူ နိုင်ငံရေးသမား အင်တိုနီဂါနမ်လည်း ပါဝင်ကြောင်း သိရသည်။

ယင်းလုပ်ကြံမှုသည် ဆီးရီးယားကို ဆန့်ကျင်သူနိုင်ငံရေးသမားများအား ရွေးချယ်ထိုးနှက်သည့် တိုက်ခိုက်မှုဖြစ်နိုင်ကြောင်း လေ့လာသုံးသပ်သူများက ရှုမြင်ကြသည်။ မကြာသေးမီကာလများအတွင်းကလည်း ဆီးရီးယားကို ဆန့်ကျင်သူနိုင်ငံရေးသမားများအား လုပ်ကြံမှုများ လက်ဘနွန်နိုင်ငံတွင် ဖြစ်ပွားခဲ့သေးသည်။ **အင်တာနက်**



လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားသော နေရာကို စက်တင်ဘာ ၁၉ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



မန္တလေးတိုင်း(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် မန္တလေးတိုင်း (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

# မန္တလေးတိုင်း (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

## တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်ဆုချီးမြှင့်

မန္တလေး စက်တင်ဘာ ၁၉

**မန္တလေးတိုင်း (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၇ရက် မွန်းလွဲ ၁နာရီတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ရှေးဦးစွာ မန္တလေးတိုင်း (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီနာယက၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အမှာစကားပြောကြားသည်။**

ထို့နောက် ဆုများချီးမြှင့်ရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဝါသနာရှင်အဆင့် (ပထမတန်း)တွင် ကာလပေါ် အဆို (အမျိုးသား)ပြိုင်ပွဲ၊ အကပြိုင်ပွဲ(အမျိုးသား)၊ အခြေခံပညာ (၅-၁၀နှစ်)အဆင့် အကပြိုင်ပွဲ၊ ဝါသနာရှင်အဆင့် (ပထမတန်း)အရေးပြိုင်ပွဲ၊ ဝါသနာရှင်အဆင့် (ပထမတန်း) ကွက်စိပ်ပြိုင်ပွဲနှင့် ဇာတ်ညွှန်းဆု၊ ပံ့ပိုးဆိုင်းဆုရရှိသူများကို ဆုများချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းမှူး၏ ဇနီး ဒေါ်ခင်ပြုံးဝင်းက ဝါသနာရှင်အဆင့်(ပထမတန်း)တွင် ကာလပေါ်အဆို(အမျိုးသမီး)ပြိုင်ပွဲ၊ အကပြိုင်ပွဲ (အမျိုးသမီး)၊ ဆိုင်းအဖွဲ့လိုက် (အမျိုးသမီး)ပြိုင်ပွဲ၊ အခြေခံပညာ (၁၀-၁၅ နှစ်)အဆင့် စန္ဒရားအတီးပြိုင်ပွဲ (အမျိုးသမီး)၊ ဝါသနာရှင်အဆင့် (ပထမတန်း)တွင် စောင်းအတီးပြိုင်ပွဲ၊ အခြေခံပညာ (၅-၁၀နှစ်)အဆင့် ပတ္တလားအတီးပြိုင်ပွဲတို့တွင် ဆုရရှိသူများကို ဆုများချီးမြှင့်ပေးအပ်သည်။

ထို့နောက် မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဇနီး၊ တရားရုံးချုပ်(အထက်မြန်မာပြည်) ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်နှင့် တာဝန်ရှိသူများက အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း)၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း)၊ အခြေခံပညာ (၅-၁၀နှစ်)အဆင့် ၊ အခြေခံပညာ (၁၀-၁၅ နှစ်)အဆင့်၊ အခြေခံပညာ (၁၅-၂၀ နှစ်)အဆင့် (အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲများတွင် ဆုရရှိသူများကို ဆုများအသီးသီး ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်သန်းက အကဲဖြတ်ပညာရှင် ဒိုင်အဖွဲ့များကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် အခြေခံပညာ (၁၀-၁၅နှစ်) အဆင့် (အမျိုးသား) ကာလပေါ် အဆိုပြိုင်ပွဲတွင် ပထမဆုရ မောင်လှမျိုးဇော်က အမေ့ပါးမှသနပ်ခါး သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာ (၅-၁၀နှစ်)အဆင့် (အမျိုးသမီး) အကပြိုင်ပွဲ ပထမဆုရ မအေးဇင်မာက အကဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း)အရေးပြိုင်ပွဲတွင် ပထမဆုရ ဦးရဲထွန်းဝင်းဇော်က မိုးဦးတေးသံ သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာ (၁၀-၁၅နှစ်) စန္ဒရား အတီးပြိုင်ပွဲတွင် ပထမဆုရ မရတနာဥက လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရ မရွှေစင်ကလျာထက်ထက်ကျော်နှင့်အဖွဲ့ကလည်းကောင်း အဆို၊ အက၊ အရေး၊ အတီးများဖြင့် ဧည့်ခံဖျော်ဖြေကြပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခု ကျင်းပသော မန္တလေးတိုင်း (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆုပေါင်း ၄၇၃ ဆုအတွက် စုစုပေါင်းငွေကျပ် ၄၃၈၁၂၀၀ ပေးအပ် ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မန္တလေးမြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်အတွင်း ရေဝင်ရောက်သဖြင့် အိမ်ထောင်စုအချို့ ရွှေ့ပြောင်းပေးရ

**ရန်ကုန် စက်တင်ဘာ ၁၉**

မန္တလေးတိုင်း မန္တလေးမြို့နှင့်အနီးတစ်ဝိုက်၌ စက်တင်ဘာ ၁၅ရက်နှင့် ၁၆ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မိုးရွာသွန်းမှုကြောင့် ပြည်ကြီးတံခွန်မြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော ပရံတော်ချောင်းရေလျှံသဖြင့် ရပ်ကွက်အချို့ရှိ လူနေအိမ်များအတွင်း ရေများဝင်ရောက်ခဲ့ကြောင်း၊ သင်ပန်းကုန်းရပ်ကွက်ရှိ ရပ်ကွက်များအတွင်း ရေအနက် တစ်ပေမှ တစ်ပေခွဲအထိဝင်ရောက်ခဲ့သဖြင့် အိမ်ထောင်စုအချို့အား ရေဘေးလွတ်ကင်းရာသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ရကြောင်း သိရှိရသည်။ (သတင်းစဉ်)




# ၂၀၀၇ခုနှစ် ဩဂုတ်လအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၁၆၇မှု ဖမ်းဆီးရမိ

**ရန်ကုန် စက်တင်ဘာ ၁၉**

၂၀၀၇ခုနှစ် ဩဂုတ်လတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန် ဦးစီးဌာနတို့မှ မူးယစ်ဆေးဝါးအမှုပေါင်း ၁၆၇မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၄၃မှု အလေးချိန် ၁၀၇ ဒသမ ၄၃၄၃ကီလို၊ ဘိန်းဖြူ ၅၀မှု အလေးချိန် ဒသမ ၅၆၉၄ကီလို၊ ဘိန်းညို ၄ ဒသမ ၂ကီလို၊ ဘိန်းဆီ ၁၂မှု အလေးချိန် ၁ ဒသမ ၃၇၄၈ကီလို၊ အဆင့်နိမ့် ဘိန်း ခြောက်မှု အလေးချိန် ၁ ဒသမ ၃၃၄၆ကီလို၊ ဆေးခြောက် ၁၁မှု အလေးချိန် ၃ ဒသမ ၅၄၁၇ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၀မှု ၁၁၄၂၁၈ပြား၊ ဘိန်းစားမှုန့် ခြောက်မှု အလေးချိန် ၁ ဒသမ ၅၈၇၄ကီလို၊ စိတ်ကြွရူးသွပ်ဆေးမှုန့် ဒသမ ၂၅၁၅ကီလို၊ အက်ဖီဒရင်း တစ်မှု အလေးချိန် ၇၀ ဒသမ ၀၀၇၅ကီလို၊ဆူဒိုအက်ဖီဒရင်း တစ်မှု အလေးချိန် ၆၄ ဒသမ ၈ ကီလို၊ ဓာတုဆေးရည်တစ်မှု ၄၃၂လစ်တာ၊ မှတ်ပုံတင်ပျက် လေးမှု၊ အခြားအမှုနှစ်မှု ဖမ်းဆီးရမိခဲ့သည်။

၂၀၀၇ခုနှစ် ဩဂုတ်လတွင် အမှုပေါင်း ၁၆၇မှု ဖမ်းဆီးခဲ့ရာတွင် တရားခံကျား ၂၁၂ဦး၊ မ ၅၀ စုစုပေါင်း တရားခံ ၂၆၂ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

## ၂၀-၉-၂၀၀၇ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈း၁၀ ၆။ အဆိုပြိုင်ပွဲ
- ၈း၁၅ ၇။ အကပဒေသာ
- ၈း၂၅ ၈။ နမ္မတီးတံတား(ကံလှ)
- ၈း၃၀ ၉။ Inter national News.
- ၈း၄၅ ၁၀။ Let's Go.
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ တေးဂီတအစီအစဉ်
- ၄း၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ရက္ခဗေဒအထူးပြု)(ရက္ခဗေဒ)
- ၄း၅၅ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅း၀၅ ၆။ တေးဂီတအစီအစဉ်
- ၅း၂၀ ၇။ အာဟာရပြည့်လျှင်ရောဂါစင် ပျော်ရွှင်ကျန်းမာစိတ်ချမ်းသာ
- ၅း၃၀ ၈။ ၂၀၀၇ခုနှစ်(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) (အခြေခံပညာ ၅-၁၀နှစ်) (အမျိုးသား၊အမျိုးသမီး)
- ၅း၄၅ ၉။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၂။ သီရိဂေဟာ
- ၆း၅၅ ၁၃။ (၂၆)မိုင်ကြက်ဆူအထူးဇုန် (စစ်ကိုင်းတိုင်း)
- ၇း၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေး တတိယချစ်ပုံပြင်" (အပိုင်း-၃)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်စိတ်ကူးလေး တဝဲလည်လည်" (အပိုင်း-၁၇)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

# မြန်မာနိုင်ငံ၌ ပိုလီယိုရောဂါပပျောက်ရေးအောင်မြင်မှုပန်းတိုင်ရောက်ရှိရန် အလွန်အရေးကြီး ကာကွယ်ဆေးမတိုက်မိ ကလေးငယ်များကို ကျန်းမာရေးစစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စနစ်တကျသင်တန်းပေး၍ တိုက်ကျွေးမည်

နေပြည်တော် စက်တင်ဘာ ၁၉

အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၀၇)ခုနှစ် ဗဟိုဦးစီးကော်မတီ အစည်းအဝေးကို စက်တင်ဘာ ၁၈ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ အမျိုးသားကာကွယ်ဆေးတိုက်နေ့ ကျင်းပရေးဗဟိုဦးစီးကော်မတီဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။





ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ(၂၀၀၇) ခုနှစ် ဗဟိုဦးစီးကော်မတီ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအတွင်း၌ရှိသည့်ကလေးများအား ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သော ရောဂါခုနစ်မျိုးမှ ကင်းဝေးစေရေးအတွက် နှစ်စဉ် ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးရေးလုပ်ငန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် အမြင့်မားဆုံးသော နိုင်ငံရေးဦးဆောင်ပံ့ပိုးမှု၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ်နေသော ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၏ အောက်ခြေအဆင့်အထိ ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်မှုတို့ကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် နှစ်စဉ်ကာကွယ်ဆေးထိုးလွှမ်းခြုံမှုများ မြင့်မြင့်မားမား ရရှိအောင် ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးနိုင်ခဲ့ကြောင်း၊ ကာကွယ်ဆေးတိုက်ကျွေးထိုးနှံပေးခြင်းဖြင့်ကလေးများ၏ ကျန်းမာရေးကို တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး" ဆိုသည့် လူမှုရေးဦးတည်ချက်ကို တစ်ဖက်တစ်လမ်းက ဖော်ဆောင်ရာလည်း ရောက်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနက ချမှတ်ထားသည့် "လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာ နေထိုင်နိုင်ရေး"နှင့် ရောဂါဘယကင်းစေရေး ဆိုသည့် ရည်မှန်းချက်နှစ်ရပ်ကိုလည်း တစ်ဖက်တစ်လမ်းက အားဖြည့်ကူညီပေးရာရောက်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်း၌ရှိသည့်ကလေးများအား ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သော ရောဂါခုနစ်မျိုးမှ ကင်းဝေးအောင်ဆောင်ရွက်ခဲ့ရာတွင် ပိုလီယို အကြောသေရောဂါသည်လည်း အရေးကြီးသည့်ရောဂါတစ်ခု ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ၁၉၉၆ ခုနှစ်မှ စတင်၍ ပိုလီယိုရောဂါ ကင်းစင်ရေးအတွက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များကို ရစ်ကြိမ်၊ ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များကို လေးကြိမ် စုစုပေါင်း (၁၂)ကြိမ်အထိ ကျင်းပဆောင်ရွက်နိုင်ခဲ့သည့်အတွက် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၆ ခုနှစ် နှစ်ဆန်းပိုင်းအထိ ခြောက်နှစ်ကျော်ပိုလီယိုအကြောသေရောဂါ လုံးဝပပျောက်ခဲ့သော်လည်း ၂၀၀၇ ခုနှစ် မတ်လတွင်ပိုလီယိုကာကွယ်ဆေးလွှမ်းခြုံမှုအားနည်းသည့် ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်သို့ တစ်ဖက်နိုင်ငံမှ ပိုလီယိုအရိုင်းပိုးများ ကူးစက်ဝင်ရောက်မှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ပိုလီယိုရောဂါပိုးများ၏ ကူးစက်ပြန့်ပွားမှုမှ ထိန်းချုပ်နိုင်ရေးနှင့် ကလေးငယ်များတွင် ရောဂါပိုးခုခံနိုင်မှု စွမ်းအားများမြင့်မားရေးကိုရှေးရှုပြီး မြန်မာနိုင်ငံ တစ်နိုင်ငံလုံးရှိ မွေးကင်းစမှ ငါးနှစ်အောက် ကလေးအားလုံးအား ပိုလီယိုကာကွယ်ဆေး အပိုဆောင်း တိုက်ကျွေးနိုင်ရန်အတွက် ယခုကဲ့သို့ အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ကျင်းပရေးကို အကောင်အထည်ဖော်ရခြင်းဖြစ်ကြောင်း၊ အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ကျင်းပရေးလုပ်ငန်းကို အဆင့်နှစ်ဆင့်ခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပထမအဆင့်အနေဖြင့် ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၃ရက်မှ ၅ရက်အထိ လည်းကောင်း၊ ဒုတိယအဆင့်အနေဖြင့်၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၂ရက်မှ ၄ရက်အထိ လည်းကောင်း၊ မြန်မာတစ်နိုင်ငံလုံးရှိ မြို့နယ် ပေါင်း ၃၂၅မြို့နယ်ရှိ မွေးကင်းစမှ ငါးနှစ်အောက် ကလေးပေါင်း ၇၃သမ၂ သန်းအား ပိုလီယိုကာကွယ်ဆေးအပိုဆောင်းတိုက်ကျွေးရန်ရည်မှန်းထားပြီး လွှမ်းခြုံမှုရာနှုန်းပြည့် ရရှိရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပင်မကာကွယ်ဆေးတိုက် အဖွဲ့ပေါင်း ၂၄၀၀၀၊ ဆေးတိုက်မည့်သူပေါင်း ၄၀၀၀၀နှင့် အရန်အားဖြည့်အဖွဲ့များဖြင့် ပိုလီယိုကာကွယ်ဆေးများကို အရည်အသွေးကောင်းမွန်သော အအေးလမ်းကြောင်းစနစ်ဖြင့် ထိန်းသိမ်းသယ်ယူပြီး အရည်အသွေးပြည့်မီစွာ ဆေးတိုက်ကျွေးနိုင်ရေးကို အလေးထားဆောင်ရွက်ခြင်းနှင့် တစ်အိမ်တက်ဆင်း ကာကွယ်ဆေး တိုက်ကျွေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နယ်စပ်ဒေသများ၊ ဝေးလံခေါင်ဖျားသည့် ကျေးရွာကလေးများ၊ အထူးဒေသမှကလေးများကိုပါမကျန်စေရန်အတွက် စီမံချက်အဆင့်ဆင့် ရေးဆွဲထားပြီး တစ်ချိန်တည်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၌ ပိုလီယိုရောဂါပပျောက်ရေး ရည်မှန်းချက်အောင်မြင်မှုပန်းတိုင်ကိုရောက်ရှိနိုင်ရန် အလွန်အရေးကြီးကြောင်း၊ မလိုလားအပ်သည့် ဆိုးကျိုးများမှကာကွယ်နိုင်ရန်အတွက်ကာကွယ်ဆေးမတိုက်ကျွေးမိကလေးငယ်များကို ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကာကွယ်ဆေး တိုက်ကျွေးပြီးနောက် စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကိုကျန်းမာရေးဝန်ထမ်းများအား စနစ်တကျ သင်တန်းပေး၍ ကာကွယ်ဆေး တိုက်ကျွေးမည်ဖြစ်ကြောင်း။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် ဗဟိုဦးစီးကော်မတီဝင်များက အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ၂၀၀၇ခုနှစ်တွင်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။ (သတင်းစဉ်)

## အင်းစိန်မြို့နယ်၌ သွေးလွန်တုပ်ကွေး ကာကွယ်ရေးပညာပေးဆိုင်းဘုတ်စိုက်ထူ

ရန်ကုန် စက်တင်ဘာ ၁၉

အင်းစိန်မြို့နယ် ကမ်းနားအနောက်ရပ်ကွက်နှင့် ကမ်းနားအလယ်ရပ်ကွက် လမ်းအဝင်ထိပ်တွင် ဩဂုတ် ၁၈ရက်က သွေးလွန်တုပ်ကွေးကာကွယ်ရေး ပညာပေးဆိုင်းဘုတ်တင်ပွဲ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်ပြည်သူများတက်ရောက်အားပေးကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**







**ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံရိပ်မွန်အိမ်ရာနေ ကွယ်လွန်သူ ဦးတင်အေးအား ရည်စူး၍ ဇနီး ဒေါ်ခင်ငွေနှင့် သား၊ သမီးတစ်စုတို့က သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းသုံးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာ ဒေါ်မေဝင်းအောင်ခင်ထံ ပေးအပ်လှူဒါန်းစဉ်။** (ဘိုးဘွားရိပ်သာ)





**ရန်ကုန်မြို့ အင်းစိန်မြို့နယ် ရွာမအရှေ့ ကုန်းမြင့်သာယာလမ်းနေ ဒေါက်တာခင်မောင်အေး-ဒေါက်တာခင်သန်းတင်၊ သား မောင်သန်းထိုက်ကျော်မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၀ သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ-နိ (ရန်ကုန်ဌာန) ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)



**ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး တောင်ဘက် စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် FMI CITY ရွှေနှင်းဆီ(၁)လမ်းနေ ကွယ်လွန်သူ ဖခင်ကြီး ဦးစိုးဝင်းအား ရည်စူး၍ မိခင်ကြီး ဒေါ်ခင်စိန်နှင့် သား၊ သမီး၊ မြေးတစ်စုတို့က ငွေကျပ် ၂၅၀၀၀၀ လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးမောင်မောင်အေးနှင့် ဦးသန်းလွင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။** (ကြေးမုံ)

**အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့ ဓမ္မစကြာ တရားဦးဟောတော်မူရာ ဣသိပတန မိဂဒါဝုန် မြေမြတ်မဟာရှိ မိဂဒါဝုန် မြန်မာကျောင်း၏ နှစ်တစ်ရာပြည့် ပွဲတော် ကျင်းပနိုင်ရေးအတွက် သိမ်ဖြူလမ်း ကန်တော်ကလေးမင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးမင်းလွင်-ဒေါ်ခင်စီ၊ သမီးမနှင်းဝေလွင်နှင့် မသူဇာလွင် (ဂရိတ်မိတ္တူဆိုင်)မိသားစုက အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ အကျိုးတော်ဆောင်ဆရာတော် ဦးဉာဏဗလ (M.A) လက်ခံယူစဉ်။** (က-ပ)



## စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ခရမ်း စက်တင်ဘာ ၁၉**

ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို အပတ်စဉ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၅ ရက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများ၊ လူမှုရေး အသင်းအဖွဲ့များ စုစုပေါင်းအင်အား ၁၂၀ ကျော်တို့က မြေနီလမ်းတစ်လျှောက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းတူးဖော်ခြင်း၊ လျှပ်စစ်မီးကြိုးလိုင်းနှင့် တယ်လီဖုန်းကြိုးလိုင်းမလွတ်သော သစ်ကိုင်းများအား ရှင်းလင်းခြင်းကို ဆောင်ရွက်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသောင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးနေမျိုးလင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ) (မြို့နယ်/ပြန်ဆက်)**



## တရားတော်များ ဟောကြား

ရန်ကုန်မြို့ ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီး၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ပဲခူးတိုင်း(အရှေ့) တောင်ငူမြို့ မြစည်းခုံစာသင်တိုက် ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍာဝံသ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားစဉ်။

(သတင်းစဉ်)

## တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းနိုင်

ရန်ကုန် စက်တင်ဘာ ၁၉

ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၌ သီတင်းသုံးတော်မူကြလျက် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ထမ်းရွက်တော်မူနေကြသည့် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဝိနည်းဓိုရ် ဆရာတော်ကြီးများ၊ အဘိဓာန် ကျမ်းပြုဆရာတော်ကြီးများ၊ ပုစ္ဆက ဆရာတော်ကြီးများ၊ အဘိဓမ္မာဝိသုဒ္ဓိမဂ်၊ ယဉ်ကျေးမှုသင်တန်း နည်းပြဆရာတော်ကြီးများအား တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းနိုင်ရန် သံဃာတော်တစ်ပါးလျှင် တစ်နေ့တာ (အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည်)အတွက် ငွေကျပ် ၂၂၀၀ နှုန်းဖြင့် ပူဇော်နိုင်သည်။

ကုသိုလ်ရှင်များအနေဖြင့် လှူဒါန်းလိုပါက သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး(စာမေးပွဲ) ဖုန်း-၆၆၀၂၆၉၊ ဆွမ်းကွမ်းဌာနစု ဖုန်း-၆၆၀၉၉၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဝါတွင်းဥပုသ်သီလပွဲနှင့် တရားပွဲများကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၉

ရန်ကုန်မြို့ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါတွင်းတရားပွဲတော် အစီအစဉ်များနှင့်အညီ ဝါတွင်းဥပုသ်နေ့တိုင်းတွင် ဥပုသ်သီလပေးတရား၊ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ဓမ္မကထိကဆရာတော်ကြီးများက တရားပွဲသုံးပွဲဖြင့် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်လျက်ရှိသည်။

ယနေ့ ဝါတွင်းဥပုသ်နေ့ မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်မဟာစည်ရိပ်သာမှ ဓမ္မာစရိယ ဘဒ္ဒန္တဉာဏောဘာသနှင့် ညနေ ၃နာရီတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ပဲခူးတိုင်း(အရှေ့) တောင်ငူမြို့ မြစည်းခုံစာသင်တိုက် ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍာဝံသတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်၍ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် အလင်းရောင်ကျောင်းမှ ဘဒ္ဒန္တဝိမလက ဥပုသ်သီလပေးတရားကို ချီးမြှင့်ပြီး ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီး၌ အလှူဒါနပွားများသူများ၊ ဥပုသ်သီတင်းဆောက်တည်၍ တရားဘာဝနာပွားများသူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)



ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီးတွင် ထီးတော်သစ် တင်လှူပူဇော်ရန် အေးအေးခိုင် ကျောက်စိမ်းကျောက်မျက်ကုမ္ပဏီ ဒါရိုက်တာ ဦးအာချန်(ခ)ဦးဟန်လင်းဦးက စိန်ဖူးတော်အတွက် တစ်ဦးတည်း မတည်လှူဒါန်းငွေကျပ် သိန်း၂၀ လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးထွန်းဝင်း၊ ဦးစောကြိုင်၊ ဦးစိုးသိမ်းနှင့် ဦးသိန်းဦးတို့ လက်ခံရယူစဉ်။ (က-ပ)

# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၉

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့က ကြီးမှူးကျင်းပသော အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၁၇ရက် နံနက် ၉နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၅၁)ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ဖွင့်လှစ်လျက်ရှိသည့် အဆင့်မြင့် အိမ်တွင်းမှု သင်တန်း အမှတ်စဉ်(၁၆)၊ အိမ်တွင်းမှု လက်မှုလုပ်ငန်း (ကြိမ်/ဝါး) သင်တန်း အမှတ်စဉ်(၄)၊ စာရေးဝန်ထမ်း သင်တန်း အမှတ်စဉ် (၄၈/၄၉/၅၀) တို့မှ သင်တန်းသူများ ဖြစ်ကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ နာဂ၊ ဓနု၊ ပအိုဝ်းနှင့် ဗမာ စုစုပေါင်း တိုင်းရင်းသူ ၁၉၃ဦးနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

### အမှာစကားပြောကြား

အခမ်းအနားတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ် နိုင်ငံ့ဝန်ထမ်းနှင့် အသိပညာရှင်၊ အတတ်ပညာရှင်များအဖွဲ့မှ အဖွဲ့ဝင် ပါမောက္ခ ဒေါ်မြမြယဉ်က **"အမျိုးသမီးများနှင့် စိတ်ကျန်းမာရေး"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် နိုင်ငံဖြတ်ကျော်မှုခင်း ဌာန လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အထူးတပ်ဖွဲ့မှ ဒုတိယရဲမှူး ဒေါ်ဉမ္မာရင်မိက **"လူမှောင်ခိုနှင့်လူကုန်ကူးမှု တားဆီးကာကွယ်ရေး"** ခေါင်းစဉ် ဖြင့်လည်းကောင်း ဟောပြောခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



သာယာဝတီမြို့နယ် ငဖြူလေးကျေးရွာ အနောက်မိုးကောင်းကျောင်း ဆောက်လုပ်ရေး တတိယအကြိမ် အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ ၁၆ရက်က ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မြင့်က အလှူခံ ကောက်ခံရရှိငွေကျပ် ၁၆၃၄၄၄၀ကို သာယာဝတီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်သွင်အား ပေးအပ်စဉ်။

(က-ပ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင် အဖွင့်အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)





## မြဝတီရုပ်မြင်သံကြားအစီအစဉ်

### ၂၀-၉-၂၀၀၇ (ကြာသပတေးနေ့)

#### နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

#### ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၂၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅:၃၀ ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၅:၃၅ ၉။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅:၄၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၅၀ ၁၄။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကိုယ့်အချစ်ဆုံး (အပိုင်း-၈)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ကုန်သွယ်သုတ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - "သစ္စာကြီးမား(သား)ပေါင်ချိန်" (အပိုင်း-၂၇)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

# မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း သင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၁၉

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ Training Centre ဌာနခွဲက ကြီးမှူး၍ Basic Level Grade II Welding စာတွေ့လက်တွေ့ သင်တန်းကို စက်တင်ဘာ ၂၄ရက်တွင် စတင်ဖွင့်လှစ်ရန် စီစဉ်လျက်ရှိသည်။ သင်တန်းကို အသက် ၂၀မှ ၄၀အကြားရှိ ကျန်းမာသန်စွမ်းပြီး တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ အမျိုးသားများ လျှောက်ထားနိုင်သည်။

ဤသင်တန်းတွင် Basic Course နှင့် Intensive Course ဟူ၍ သင်တန်း နှစ်ဆင့်ခွဲခြားပို့ချမည်ဖြစ်သည်။ သင်တန်းအောင်လက်မှတ်ကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ထုတ်ပေးမည်။ သင်တန်းတက်ရောက် အောင်မြင်ပြီးသူများသည် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် ဂျပန်နိုင်ငံ JFEE & KBS တို့ ပူးပေါင်းစီစဉ်စေလွှတ်မည့် Advance Welding သုံးနှစ်သင်တန်းသို့ တက်ရောက်ခွင့် ဖြေဆိုရရှိရေးစိစစ်သော လက်တွေ့စာမေးပွဲ ဝင်ရောက်ဖြေဆိုခွင့် ရရှိမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဝင် CMC ကုမ္ပဏီဝန်ထမ်းများ၊ ပြင်ပမှ စိတ်ဝင်စားသူများသည် သင်တန်းမန်နေဂျာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဖုန်း-၅၁၉၆၇၃-၆လိုင်းခွဲ၃၀၄သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း)

# မြန်မာ့လက်ရွေးစင် တိုက်ကွမ်ဒိုအသင်းအား ဂုဏ်ပြုတည်ခင်းပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၉

**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် စက်တင်ဘာ ၁၅ ရက် ည ၇ နာရီတွင် ရန်ကုန်မြို့ ယုဇနဟိုတယ်၌ကျင်းပသည့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းမြို့သို့ ပူးတွဲလေ့ကျင့်ရန်နှင့် ကိုရီးယားအိုးပင်း(၂၀၀၇)ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် သွားရောက်မည့် မြန်မာ့လက်ရွေးစင် တိုက်ကွမ်ဒိုအသင်းအား မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်က ဂုဏ်ပြုတည်ခင်းသည့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်သို့ ဂုဏ်ပြုငွေကျပ် ၁၀ သိန်းနှင့် အားကစားဝတ်စုံများ ပေးအပ်ရာ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်က လက်ခံရယူသည်။**

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက မြန်မာ့လက်ရွေးစင် တိုက်ကွမ်ဒိုအသင်းသို့ ဂုဏ်ပြုငွေ ကျပ်နှစ်သိန်းကိုပေးအပ်ရာ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြဟန်က လက်ခံသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ စစ်သံမှူးက အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်က ဂုဏ်ပြုအမှာစကားပြောကြားပြီး မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် သင်တန်းနည်းပြဆရာတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြား၍ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းမြို့သို့ ပူးတွဲလေ့ကျင့်ရန်နှင့် ကိုရီးယားအိုးပင်း(၂၀၀၇)ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် တိုက်ကွမ်ဒိုအသင်းအတွက် အားကစားဝတ်စုံများပေးအပ်ရာ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့် လက်ခံယူစဉ်။** (တိုက်ကွမ်ဒိုအဖွဲ့ချုပ်)



**တရုတ်နိုင်ငံ စီချွမ်ပြည်နယ် ဘော်လီဘောအသင်းနှင့် ပူးတွဲလေ့ကျင့်ပြီး လက်ရည်စမ်းပွဲများ ယှဉ်ပြိုင်ကစားမည့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်း ခေါင်းဆောင်သော မြန်မာ့လက်ရွေးစင် အမျိုးသား ဘော်လီဘောအသင်းအား တွေ့ရစဉ်။** ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

# မြန်မာ့လက်ရွေးစင် အမျိုးသားဘော်လီဘောအသင်း အရှေ့တောင်အာရှပြိုင်ပွဲအကြို တရုတ်နိုင်ငံ၌ လက်ရည်စမ်းမည်

ရန်ကုန် စက်တင်ဘာ ၁၉

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ စက်တင်ဘာ ၂၁ရက်မှ ၃၀ရက်အထိ ချစ်ကြည်ရေး လက်ရည်စမ်းပွဲများ သွားရောက်ကစားမည့် မြန်မာ့လက်ရွေးစင် အမျိုးသားဘော်လီဘောအသင်းအား တွေ့ဆုံမှာကြားသည့်အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် တက်ရောက်၍ အမှာစကား ပြောကြားသည်။**

ရှေးဦးစွာ လက်ရည်စမ်းပွဲများ သွားရောက်ယှဉ်ပြိုင်ကစားမည့် မြန်မာ အမျိုးသား ဘော်လီဘောအသင်းအဖွဲ့ဝင်များနှင့် တစ်ဦးချင်း မိတ်ဆက်ပေးသည်။ ထို့နောက် မြန်မာဘော်လီဘောအသင်းအုပ်ချုပ်သူ ဦးသိန်းဝင်း ဒုတိယဥက္ကဋ္ဌ (မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်)က လာမည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် ပြင်ဆင်ဆောင်ရွက်နေမှု၊ လက်ရည်စမ်းပွဲများ ယှဉ်ပြိုင်မည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကား ပြောကြားပြီး မြန်မာဘော်လီဘောအသင်းမှ အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

မြန်မာ့လက်ရွေးစင် အမျိုးသား ဘော်လီဘောအသင်းသည် ဒီဇင်ဘာလ အတွင်း ထိုင်းနိုင်ငံ၌ ကျင်းပမည့်



**တရုတ်နိုင်ငံ စီချွမ်ပြည်နယ် ဘော်လီဘောအသင်းနှင့် ပူးတွဲလေ့ကျင့်ပြီး လက်ရည်စမ်းပွဲများ ယှဉ်ပြိုင်ကစားခြင်းမှာ လာမည့် ထိုင်းဆီးဂိမ်း၌ အောင်မြင်မှုရရှိရန် အကြိုပြင်ဆင်မှုတစ်ခုဖြစ်ကြောင်း မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်း ပြောကြားစဉ်။** ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေး အကြိုပြင်ဆင်သည့် အနေဖြင့် တရုတ်နိုင်ငံ စီချွမ်ပြည်နယ်ရှိ ချန်ဒူးမြို့သို့ သွားရောက်ကာ စီချွမ်ပြည်နယ်အသင်းနှင့် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ပြီး စက်တင်ဘာ ၂၁၊၂၄၊၂၆၊၂၇ရက်တို့တွင် လက်ရည်စမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

စီချွမ်ပြည်နယ် ဘော်လီဘောအသင်းမှာ တရုတ်နိုင်ငံ၏ ထိပ်တန်းစာရင်းဝင် ဘော်လီဘောအသင်း တစ်သင်းဖြစ်ပြီး တရုတ်လက်ရွေးစင် ဘော်လီဘောအသင်းတွင် ယင်းပြည်နယ်မှ အားကစားသမားများ ပါဝင်နေကြောင်း သိရသည်။

လက်ရည်စမ်းပွဲများ သွားရောက်ကစားမည့် မြန်မာအမျိုးသား ဘော်လီဘောအသင်းတွင် အုပ်ချုပ်သူအဖြစ် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်း၊ နည်းပြဆရာများအဖြစ် ဦးမျိုးမြင့်နှင့် ဦးညီညီလွင်၊ ကစားသမားများအဖြစ် ရဲမင်းအောင်၊ ကျော်စိုးအောင်၊ကျော်စွာဝင်း၊ ကျော်ရွှေ၊ စိုင်းညီလေး၊ ဝင်းထွန်းဦး၊ ရဲရင့်ထွန်း၊မြတ်ကျော်ထွန်း၊ဇော်လင်းဦး၊ စောဟိန်းသူ၊ ကျော်ကျော်ထွေးနှင့် စံရွှေမောင်တို့ ပါဝင်ကြသည်။

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေး ကြိုတင်ပြင်ဆင်နေမှုများနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းက ကြေးမုံသို့ ဤသို့ရှင်းပြရာတွင် "မိမိတို့ ဘော်လီဘောအဖွဲ့ချုပ် အနေဖြင့် လာမည့် ထိုင်းဆီးဂိမ်းတွင် အောင်မြင်မှု ရရှိရန် အထူးအလေးထားပြင်ဆင်နေပါကြောင်း၊ ယခု တရုတ်နိုင်ငံသို့ သွားရောက်၍ ပူးတွဲလေ့ကျင့်ပြင်ဆင်ပြီး လက်ရည်စမ်းပွဲများ ယှဉ်ပြိုင်ကစားရခြင်းမှာလည်း ထိုင်းဆီးဂိမ်းအတွက် အကြိုပြင်ဆင်မှုတစ်ခုပင်ဖြစ်ပါကြောင်း၊ စီချွမ်ပြည်နယ်အသင်းနှင့် လက်ရည်စမ်းပွဲများ ယှဉ်ပြိုင်ကစားအပြီးတွင် စက်တင်ဘာ ၂၉ရက်နှင့် ၃၀ရက်တို့တွင် ကူမင်းမြို့၌ လက်ရည်စမ်းပွဲများ ထပ်မံကစားနိုင်ရန် စီစဉ်ထားကြောင်း၊ စီချွမ်ပြည်နယ်အသင်းမှာ တရုတ်နိုင်ငံ၏ ထိပ်တန်းစာရင်းဝင် ဘော်လီဘောအသင်းဖြစ်၍ ယင်းအသင်းနှင့် ပူးတွဲလေ့ကျင့်ပြီး လက်ရည်စမ်းပွဲများ ကစားရခြင်းမှာ မိမိတို့အတွက် များစွာအကျိုးရှိပါကြောင်း၊ စီချွမ်ပြည်နယ်အသင်းမှာ ၂၀၀၃ခုနှစ်နှင့် ၂၀၀၅ခုနှစ်က မြန်မာနိုင်ငံသို့ လာရောက်၍ လက်ရည်စမ်းပွဲများ ယှဉ်ပြိုင်ခဲ့ဖူးကြောင်း၊ အားကစားဝန်ကြီးဌာန၏ ညွှန်ကြားဦးဆောင်မှု၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ၏ ပံ့ပိုးအားပေးမှုနှင့်အတူ မိမိတို့အဖွဲ့ချုပ်မှာ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး အစဉ်အမြဲ ကြိုးစားနေပါကြောင်း" ပြောကြားသွားသည်။

**သတင်း၊ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)**

# တိုင်းရင်းသား အစီအစဉ်များ ပြောင်းလဲထုတ်လွှင့်မည်

**ရန်ကုန် စက်တင်ဘာ ၁၉**

မြန်မာ့အသံမှ သုံးလတစ်ကြိမ် အက္ခရာစဉ်အလိုက် အလှည့်ကျပြောင်းလဲထုတ်လွှင့်လျက်ရှိသော တိုင်းရင်းသား အစီအစဉ်များကို အောက်တိုဘာ ၁ရက်မှ ဒီဇင်ဘာ ၃၁ရက်အထိ လှိုင်းတို ၆၃ ဒသမ ၄၉ မီတာမှ အသံလွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မည်ဖြစ်သည်။

ထိုသို့ ပြောင်းလဲထုတ်လွှင့်ရာတွင် မွန်ဘာသာ အစီအစဉ်ကို မွန်းလွဲ ၂ နာရီမှ ၂ နာရီ ၄၅ မိနစ်၊ ရခိုင်ဘာသာ အစီအစဉ်ကို မွန်းလွဲ ၂ နာရီ ၄၅ မိနစ်မှ ညနေ ၃ နာရီခွဲ၊ ရှမ်းဘာသာ အစီအစဉ်ကို ညနေ ၃ နာရီခွဲမှ ၄ နာရီ ၁၅ မိနစ်ထိ၊ ကချင်ဘာသာ အစီအစဉ်ကို ညနေ ၄ နာရီ ၁၅ မိနစ်မှ ၅ နာရီ၊ ကယားဘာသာ အစီအစဉ်ကို ညနေ ၅ နာရီမှ ၅ နာရီ ၄၅ မိနစ်၊ စကောကရင်ဘာသာ အစီအစဉ်ကို ညနေ ၅ နာရီ ၄၅ မိနစ်မှ ညနေ ၆ နာရီခွဲ၊ ပိုးကရင်ဘာသာ အစီအစဉ်ကို ညနေ ၆ နာရီခွဲမှ ည ၇ နာရီ ၁၅ မိနစ်နှင့် ချင်းဘာသာ အစီအစဉ်ကို ည ၇ နာရီ ၁၅ မိနစ်မှ ည ၈ နာရီထိ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# "ကိုးဆယ်ဆသာလိမ့်မယ်" ဇာတ်ကား ဆက်လက်ပြသ

ကြေးမုံ ရုပ်ရှင်

**ရန်ကုန် စက်တင်ဘာ ၁၉**

လာမည့် သောကြာနေ့စက်တင်ဘာ ၂၁ရက်တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများ၌ မြန်မာရုပ်ရှင်ဇာတ်ကားသစ် ရုံတင်နိုင်ခြင်းမရှိဘဲ ပြသဆဲ မြန်မာဇာတ်ကားဖြစ်သော **ကိုးဆယ်ဆ သာလိမ့်မယ်** ဇာတ်ကားတစ်ကားတည်းသာ ဆက်လက်ပြသမည်ဖြစ်သည်။

မြင့်မာလာ ရုပ်ရှင်ထုတ်လုပ်ရေးမှ ဓာတ်ညွှန်းနှင့်ဒါရိုက်တာ မောင်ယဉ်အောင် ရေးသားရိုက်ကူးသည့် **ကိုးဆယ်ဆ သာလိမ့်မယ်**ဇာတ်ကားမှာ ဂုဏ်မရှိ ငွေမရှိ၍ ဝေးကွာကြရသော ချစ်သူတို့၏ အကြောင်းကို ဒါရိုက်တာက ဘဝသရုပ်ဖော် အိမ်ထောင်ရေး ပညာပေးအဖြစ် ရိုက်ကူးပြသထားသည့် ဇာတ်ကားဖြစ်ရာ အလွမ်း၊ အဆွေး ဇာတ်ကားနှစ်သက်သူ ပရိသတ်တို့ အကြိုက်တွေ့စေမည် ဖြစ်သည်။

**နိုင်ငံခြားရုပ်ရှင်**

သမ္မတရုံတွင် နာမည်ကျော် အက်ရှင်မင်းသားဂျက်ကီချန်းပါဝင်သရုပ်ဆောင်ထားသည့် Rush Hour 3 ဇာတ်ကား ပြသမည်ဖြစ်သည်။ အက်ရှင်ဇာတ်ကြမ်းကား နှစ်သက်သူ ပရိသတ်များအကြိုက် တွေ့မည့်ဇာတ်ကားဖြစ်သည်။

သွင်ရုံတွင် ဒါရိုက်တာ Zack Snyder ရိုက်ကူးသည့် သမိုင်းနောက်ခံပြု ဇာတ်လမ်းဖြစ်သော 300 ဇာတ်ကား ပြသမည်ဖြစ်သည်။ ဓားခေတ်၊ လှံခေတ်ကို ရိုက်ကူးထားသည့် ဇာတ်ကြမ်းကား ဖြစ်သည်။

မင်္ဂလာရုံတွင် ဘီစီ-၃၇၀ပြည့်နှစ် တရုတ်နိုင်ငံသမိုင်း နောက်ခံထား ရိုက်ကူးသည့် ဇာတ်ကြမ်းကားဖြစ်သော A Battle of Waits ဇာတ်ကား ပြသမည်ဖြစ်သည်။

နေပြည်တော်ရုံတွင် ဒါရိုက်တာ Michael Bay ရိုက်ကူးသည့် Transformers သိပ္ပံဇာတ်ကားသစ် ပြသမည်ဖြစ်သည်။ ဤဇာတ်ကားမှာ ခေတ်အဆက်ဆက် ဂြိုဟ်သားစက်ရုပ်များ၏ အစွမ်းနှင့် သိပ္ပံခေတ်အကြောင်းများကို ဂမ္ဘီရပညာရောစွက် ရိုက်ကူးထားသည့် လျှို့ဝှက်ဆန်းကြယ် ဇာတ်ကားတစ်ကားဖြစ်သည်။(ကြေးမုံ)

**ကိုးဆယ်ဆ သာလိမ့်မယ် ဇာတ်ကားမှ ကျော်ရဲအောင်နှင့် နန္ဒာလှိုင်တို့၏ သရုပ်ဆောင်ပုံကို တွေ့ရစဉ်။**



# ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကျောင်းဆောင်သစ်ဖွင့်ပွဲ တက်ရောက် ကျွန်းစိုက်ခင်းများ ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြား

ရန်ကုန် စက်တင်ဘာ ၁၉

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် စက်တင်ဘာ ၁၇ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့ ကြံတောအခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။**

အဆိုပါ ကျောင်းဆောင်သစ်သည် အလျားပေ ၆၀၊ အနံပေ ၃၀ ရှိပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးကြပ်၍ ငွေကျပ် ၆၄ သိန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် အင်္ဂပူမြို့နယ် လေ့ကြီးအိုင် အခြေခံပညာ မူလတန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းဆောင်သစ်ဆောက်လုပ်ရန် လိုအပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် အလှူရှင်များက အလျားပေ ၉၀၊ အနံပေ ၃၀ရှိ ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အလှူငွေကျပ် ၁၅ သိန်း ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် အမှတ်(၅) တန်းမြင့်လေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီးတို့သည် အင်္ဂပူမြို့နယ် ကွင်းကောက်ကျေးရွာ မြို့မတံတား ချဉ်းကပ်လမ်းများကို ရေတိုက်စားသွားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် စက်တင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းတွင် မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကြိုးဝိုင်းအတွင်းရှိ ၂၀၀၇ ခုနှစ် စီးပွားရေးကျွန်းစိုက်ခင်းဧက ၁၅၀နှင့် ၂၀၀၆ခုနှစ် စီးပွားရေး ကျွန်းစိုက်ခင်းဧက ၁၅၀ သို့ ရောက်ရှိလာရာ ဧရာဝတီတိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမြင့်၊ ဦးစီးအရာရှိ ဦးတက်တိုးတို့က ရှင်းလင်းတင်ပြကြပြီး သစ်တောဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ဆက်လက်ပြီး ဝန်ကြီးက စိုက်ခင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ ဝန်ကြီးနှင့်တာဝန်ရှိသူများသည် ညနေပိုင်းတွင် မြန်မာ့သစ်လုပ်ငန်းအခြေစိုက်အလုပ်ရုံ(ဆွာ)ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် အောင်လံမြို့ အမှတ်(၉၆) သစ်စက်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်တာဝန်ရှိသူများသည် တောင်တွင်းကြီးမြို့နယ် ကင်းမွန်းတောင်ကြိုးဝိုင်း ၂၀၀၇ ခုနှစ် သစ်မာမျိုးစုံ(ယင်းမာ) စိုက်ခင်း ဧက ၅၀၀ သို့ လည်းကောင်း၊ ၂၀၀၄ ခုနှစ် သီးခြားကျွန်း စိုက်ခင်းဧက ၃၀၀ နှင့် ၂၀၀၅ခုနှစ် သီးခြားကျွန်းစိုက်ခင်းဧက ၈၀၀ သို့ လည်းကောင်း ရောက်ရှိလာရာ မကွေးတိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က ရှင်းလင်းတင်ပြပြီး သစ်တောဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး စိုက်ခင်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် မြန်အောင်မြို့နယ် ၂၀၀၇ခုနှစ် စီးပွားရေးကျွန်းစိုက်ခင်းဧက ၁၅၀ ကို ကြည့်ရှုစစ်ဆေးစဉ်။** (သစ်တောရေးရာ)

## ယနေ့ မိုးလေဝသ (၂၀-၉-၂၀၀၇)

| နေပြည်တော် | ရန်ကုန် | မန္တလေး |
|---|---|---|
| **နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။** | **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။** | **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။** |

# NLD ဗဟိုသည် တိကျပြတ်သားသော နိုင်ငံရေးလမ်းစဉ်မရှိ ပါတီခေါင်းဆောင်များ စိတ်ဝမ်းကွဲပြားနေ စစ်ကိုင်းမြို့နယ်မှ ပါတီဝင် ၁၇ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် စက်တင်ဘာ ၁၉

**စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော မြတရော်ကျေးရွာနေ ဦးစက်မောင်၊ ဦးတင်သောင်း၊ ဦးသိန်း၊ ဦးကြည်မောင်၊ ဦးကော်၊ မင်းကွန်းကျေးရွာနေ ဦးသောင်းဦး၊ ဦးဝင်းကို၊ ဦးကျော်မင်း၊ ဦးထွန်းထွန်းဦး၊ ဦးဝင်းနောင်၊ ဦးကြာဘော်၊ ဦးသိန်းဇော်၊ဦးသန့်ဇင်၊ တကောင်းရပ်ကွက်နေ ဒေါ်နွဲ့၊ ညောင်ကုန်းကျေးရွာနေ ဦးတင်မြင့်၊ ဦးမူ၊ ဆင်မြေကျေးရွာနေ ဦးဌေးသိန်းတို့သည် စက်တင်ဘာ ၅ ရက်တွင် ၎င်းတို့သဘောဆန္ဒအလျောက် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။**

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ဗဟိုသည် တိကျပြတ်သားသော နိုင်ငံရေးလမ်းစဉ်မရှိကြောင်း၊ ပါတီခေါင်းဆောင်များ စိတ်ဝမ်းကွဲပြားနေပြီး အာဏာရရှိရေးကိုသာ လုပ်ဆောင်နေသဖြင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

# အမျိုးသားရေးအားမာန်ကို ဖော်ညွှန်းပြဆိုနေ

***နိုင်ငံတော်အစိုးရအနေဖြင့် ငွေကြေးအကုန်အကျများပြီး မြစ်ကူး၊ ချောင်းကူးတံတားကြီးများကို ပြည်ပမှ အထောက်အပံ့မပါဘဲ မိမိတို့ နိုင်ငံသူ၊ နိုင်ငံသား ပညာရှင်များ၏ စွမ်းအားဖြင့် တည်ဆောက်နိုင်ခဲ့သည်။ ၎င်းမှာ လွန်စွာမြင့်မားသည့် အမျိုးသားရေးအားမာန်ကို ဖော်ညွှန်းပြဆိုနေခြင်းပင်ဖြစ်သည်။***



ကိုအာကာ၏ **"နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုလျက်ရှိသည့် တံတားကြီးများ"**

(ဆောင်းပါး)

စာမျက်နှာ–၆၊၇